# THE BORDER CONSORTIUM

## နှစ်လည် အထွေထွေခြုံငုံ သုံးသပ်ချက်- ၂၀၂၀ ပြည့်နှစ် ဇန္နဝါရီမှ ဇွန်လအထိ

## နောက်ခံကြောင်းရာ

**ထိုင်းနိုင်ငံ**

ထိုင်းနိုင်ငံတွင် COVID-19 ပထမဦးဆုံး ကူးစက်မှုကို ဇန်နဝါရီလ ၁၃ ရက်နေ့တွင် စတင်တွေ့ရှိခဲ့သည်။ ထိုင်းနိုင်ငံတွင် မတ်လ ၂၄ ရက်နေ့၌ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး၊ နောက်ပိုင်းတွင် ဩဂုတ်လ ၃၁ ရက်နေ့အထိ သက်တန်းတိုးခဲ့သည်။ ဤကြေညာချက်အားဖြင့် ကန့်သတ်မှုအများကို စတင်လုပ်ဆောင်ခဲ့ပြီး၊ ယင်းတို့တွင် ခရိုင်တခုနှင့်တခုအကြား ခရီးသွားလာမှုကို ကန့်သတ်ခြင်း၊ ပြည်တွင်း-ပြည်ပ အဝင်အထွက် ကန့်သတ်ခြင်း၊ လူစုလူဝေးပြုမှုနှင့် အထွေထွေ နေဝင်မီးငြိမ်းအမိန့် ထုတ်ပြန်ခြင်းများ ပါဝင်သည်။ ဈေးဆိုင်များနှင့် ဖျော်ဖြေရေး နေရာများကို ပိတ်ပင်ခဲ့သည်။ လူစုလူဝေးဖြစ်မှုကို လျော့ချနိုင်ရန် အရက်ကိုလည်း ပိတ်ပင်ခဲ့သည်။ သင်္ကြန်ပွဲတော်ကို ရွှေ့ဆိုင်းခဲ့ပြီး၊ နိုင်ငံတွင်းရှိ လူတိုင်းကို နှခေါင်းစည်း ဝတ်ဆင်ရန် တိုက်တွန်းခဲ့သည်။ ဇွန်လကုန်အထိ ထိုင်းနိုင်ငံတွင် COVID-19 ကူးစက်မှု အတည်ပြုလူနာ ၃,၁၇၁ ဦး နှင့် သေဆုံးမှု ၅၈ ဦး ရှိခဲ့သည်။ ဒုက္ခသည်စခန်း ၉ ခုတွင် COVID-19 အတည်ပြုလူနာနှင့် သံသယလူနာများ မတွေ့ရှိခဲ့ပါ။

စခန်းများတွင် COVID-19 ကူးစက်ပျံ့ပွားမှု မရှိခဲ့ဟု ဆိုသော်လည်း မည်သို့ပင်ဆိုစေ လုပ်ဆောင်နေသည့် လုပ်ငန်းများနှင့် လုပ်ငန်းစဉ်များအပေါ် သက်ရောက်မှုကြီးစွာ ရှိစေခဲ့သည်။ စခန်းများအတွင်းသို့ ဝင်ရောက်မှုကို တိုး၍တင်းကျပ်ခဲ့ခြင်းကြောင့် ဒုက္ခသည်များ၏ သက်မွေးဝမ်းကျောင်းမှုအပေါ် အန္တတ်သဘော သက်ရောက်စေသည်၊ စခန်းများတွင်းမှ ထွက်ခွာခွင့်မပြုသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ထိခိုက်စေသည်။ ယင်းမှာ ရေရှည်တိုင်ပြဿနာဖြစ်ဖွယ်ရှိပြီး၊ စီးပွားရေး ကျဆင်းမှုနှင့်အတူ သက်မွေးဝမ်းကျောင်းအပေါ် ကြီးစွာထိခိုက်စေနိုင်သည်။ စခန်းများအတွက် ရန်ပုံငွေထောက်ပံ့မှု ဟန့်တားအပြောင်းအလဲ ဖြစ်စေမည့်အပြင်၊ စခန်းပြင်ပ စီးပွားရေး အခွင့်အလမ်းများအတွက်လည်း သက်ရောက်စေသည်။

UNHCR က ကူညီပံ့ပိုးသည့် မိမိဆန္ဒအလျောက် အိမ်ပြန်ရေးကိစ္စကို ဖေဖော်ဝါရီလတွင် ဆောင်ရွက်ရန်ကို ဆိုင်းငံ့ထားခဲ့ရာ ယခုကာလအတွင်း တရားဝင်လုပ်ငန်းစဉ်ဖြင့် အိမ်ပြန်ကြသူများ မရှိပါ။ သို့သော်လည်း လူ ၃၁၄ ဦးသည် တတိယနိုင်ငံတွင် ခိုလှုံအခြေချရန် စခန်းများမှ ထွက်ခွာသွားကြသည်။ ထိုင်းနိုင်ငံရှိ စခန်းများတွင် လူ ၈၁,၅၈၆ ဦး ကျန်ရှိနေသည်။

**မြန်မာနိုင်ငံ**

မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော COVID-19 လူနာကို မတ်လ ၂၃ ရက်နေ့တွင် ကြေညာခဲ့သည်။ အစိုးရက မတ်လ ၁၃ ရက်နေ့မှစ၍ လူစုလူဝေးပြုခြင်းနှင့် ခရီးသွားလာခြင်းအတွက် ကန့်သတ်မှုများ အကောင်အထည်ဖော်သည့် ကြေညာမှုများ စတင်ပြုခဲ့ပြီး၊ ပြည်ထောင်စုအဆင့် ကြေညာချက် ၃၀ နှင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကြေညာချက် ၂၀ ကို ထုတ်ပြန်ခဲ့သည်။ ဇွန်လကုန်တွင် COVID-19 အတည်ပြုလူနာ ၃၀၃ ဦးနှင့် သေဆုံးသူ ၆ ဦး ရှိနေသည်။

ဟိုတယ် နှင့် ခရီးသွားလုပ်ငန်းများကဏ္ဍတွင် လုပ်ငန်းများ ယာယီရပ်ဆိုင်းထားသည်။ ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းလုပ်သား ၄၀,၀၀၀ တို့ ခရီးသွားလာမှု ပိတ်ပင်ခြင်းနှင့် နယ်စပ်ဂိတ်များပိတ်မည် စိုးသောကြောင့် မြန်မာနိုင်ငံသို့ အမြန်အိမ်ပြန်ခဲ့ကြသည်။ ဇွန်လကုန်တွင် တရားဝင် နယ်စပ်ဖြတ်ကျော်ရေး ဂိတ်များမှ ရွှေ့ပြောင်းလုပ်သား ခန့်မှန်း ၁ သိန်းခန့်အိမ်ပြန်ခဲ့ကြသည်။ ဤသို့ လူအများအပြား ရွှေ့ပြောင်းသွားလာမှုကြောင့် ရောဂါကူးစက်မှု၊ ကြိုတင်ကာကွယ် တားဆီးမှု နှင့်

ထိန်းချုပ်ရေး လုပ်ငန်းများ အလေးပေးလုပ်ဆောင်ခဲ့ကြသည်။ သို့သော် ရပ်ရွာလူထု အချင်းချင်းအကြား ကူးစက်သည့် သက်သေ အထောက်အထား မတွေ့ရှိရသေးပါ။ ဤသို့ ခရီးသွားလာမှု ကန့်သတ်ခြင်းများသည် COVID-19 ကူးစက်မှု ထိန်းချုပ်ရေးတွင် အရေးပါခဲ့သော်လည်း၊ စျေးကွက်များအတွက် အဟန့်အတားဖြစ်စေခဲ့ပြီး၊ လယ်ကွင်းများနှင့် စိုက်ပျိုးမြေများသို့ သွားရန် အဟန့်အတား ဖြစ်စေသည်။ ငွေကြေးဖောင်းပွမှုဖြစ်စေရန် ဖိအားများ ဖြစ်စေသည်။

ရွှေ့ပြောင်းလုပ်သား အများအပြား အိမ်ပြန်ကြခြင်းကြောင့် မြန်မာနိုင်ငံတွင် ရပ်ရွာအခြေပြု စောင့်ကြည့်ခြင်း (ကွာရန်တင်း) ကို အများအားဖြင့် လုပ်ဆောင်ကြသည်။ ယင်းနှင့်အတူ အကန့်အသတ်ဖြင့် လူစစ်ဆေးခြင်း၊ နယ်စပ်ဖြတ်ကျော်ရေးဂိတ်များတွင် ကွာရန်တင်း စင်တာများ ထားရှိခြင်း ပြုကြသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ (EAOs) က နယ်စပ်ပိတ်ဆို့ရေးအတွက် အစိုးရ၏ ကြိုးပမ်းချက်များကို ထောက်ခံကြပြီး၊ ခရီးသွားလာမှု ကန့်သတ်ခြင်း၊ ကွာရန်တင်း လုပ်ငန်းများ စည်းကြပ်ခြင်းများ လုပ်ဆောင်ကြသည်။ EAOs အဖွဲ့များက စောင့်ကြပ်ထိန်းသိမ်းနေသည့် နယ်စပ်များ၊ အထူးသဖြင့် နယ်စပ်ဖြတ်ကျော်သည့် နေရာများ သို့မဟုတ် လမ်းများပေါ်ရှိ စစ်ဆေးရေးဂိတ်များကို တပ်မတော်က ငြင်းပယ်၍ အချို့သောဂိတ်များကို ဖယ်ရှားပေးရန် အမိန့်ပေးမှုများ ရှိခဲ့သည်။ ကေအဲန်ယူ နှင့် မွန်ပြည်သစ်ပါတီ၏ အချို့သော စစ်ဆေးရေးဂိတ်များကို အစိုးရအရာရှိများ၊ သို့မဟုတ် တပ်မတော်တပ်ဖွဲ့များက ဖယ်ရှားခဲ့ကြသည်။ ဤသို့ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် အစိုးရအဖို့ ရောဂါကူးစက်မှု လျှော့ချနိုင်ရန် အခွင့်အရေး လက်လွတ်ဆုံးရှုံးရသည်။ ယင်းဒေသရှိ လူထုများ ရောဂါကူးစက်မှု ထိခိုက်နစ်နာနိုင်ခြေ မြင့်မားစေသည်။

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်မှ လွဲ၍ တဖက်သတ် အပစ်ရပ်စဲရေး အကောင်အထည်ဖော်မှုကို တပ်မတော်က မေလ ၁၀ ရက်နေ့တွင် ကြေညာခဲ့သည်။ သို့သော် ထိရောက်မှုမရှိဘဲ တိုက်ပွဲများ ဆက်လက်ရှိနေသည်။ သို့ဖြစ်ရာ မူလကပင် ထိခိုက်နစ်နာနိုင်ခြေ ရှိနေသည့် ရပ်ရွာလူထုများအပေါ် ဝန်ထုပ်ဝန်ပိုး များစေသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေကြသည့် အစီအစဉ်များ နှင့် လုပ်ငန်းများမှာ COVID-19 ကူးစက်ရောဂါ အန္တရာယ်ကို စီမံခန့်ခွဲနေရရုံမျှမက၊ စစ်တပ်အင်အား တိုးချဲ့မှုများနှင့် ကြုံတွေ့ရသည်။ တပ်မတော်က လက်နက်ကြီးများဖြင့် တိုက်ခိုက်မှုကြောင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့တွင် အရပ်သား ၂၀၀၀ ကျော် အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည်။ ထို့အပြင် သူတို့၏ လယ်ကွင်းများ သို့ သွားရောက်နိုင်ရန်လည်း အဟန့်အတား ဖြစ်စေသည်။ ၂၀၂၀ ခုနှစ်၏ ပထမ ၆-လပိုင်းတွင် သတင်းများအရ ဖာပွန်မြို့နယ် တခုအတွင်း၌ပင် တရားမဝင်သတ်ဖြတ်မှု ၆ ခု ရှိခဲ့သည်။ မွန်ပြည်နယ်တွင် ရေးနှင့် ရေဖြူမြို့နယ်၏ အစိတ်အပိုင်းများ၊ တပ်မတော်နှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) တို့အကြား မြောက်ပိုင်း ရှားတော မြောက်ပိုင်းတွင် တိုက်ပွဲများ ဖြစ်ပွားလာသောကြောင့် ကရင်နီအရပ်သား လူထုများအကြား မြေမြုပ်မိုင်းများ ကြောင့် ဒဏ်ရာရမှုများ ရှိသည်။

ဩဂုတ်လတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ စတုတ္ထအကြိမ်ကို ကျင်းပလိုသည့် ဆန္ဒများရှိကြပြီး၊ အထွေထွေ ရွေးကောက်ပွဲ ပြီးသည့်အခါ လမ်းပြမြေပုံအတိုင်း တွေ့ဆုံညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် သေချာစီစဉ်လိုကြသည်။ ယင်းဆွေးနွေးပွဲ ခေါင်းစဉ်များတွင် အဓိကကျသောခေါင်းစဉ်များအနက် တခုမှာ တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် (NCA) လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်နိုင်ရေး ဖြစ်သည်။ အထူးသဖြင့် ကြားကာလ အစီအစဉ်များနှင့် ပတ်သက်၍ တိုးတက်မှု မရှိဘဲ ဖြစ်နေသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAOs) က ပို၍ ရှင်းလင်းသည့် ဖက်ဒရယ်စနစ်ကို သိလိုနေကြပြီး၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့အကြား ဘဏ္ဍာရေးစနစ် စီမံခန့်ခွဲပုံနှင့် တိုင်း/ပြည်နယ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရေးကိစ္စများကိုလည်း စိတ်ဝင်စားနေကြသည်။

# အစီအစဉ် တုံ့ပြန်မှုများ

အစီအစဉ်အရ ကြားဝင်ဆောင်ရွက်မှုများကို TBC ၏ မဟာဗျူဟာ ၂၀၂၀-၂၀၂၂[1] နှင့် COVID-19 ကူးစက်ကပ်ဘေးကို တုံ့ပြန်ရန် ချမှတ်ခဲ့သည့် လမ်းညွှန်ချက်များက လမ်းညွှန်ပါသည်။

**မဟာဗျူဟာမြောက် လမ်းညွှန်ချက် (၁)။ ။ အိုးအိမ်စွန့်ပစ် ထွက်ပြေးရသည့် ရပ်ရွာလူထုများ၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် နှင့် အမျိုးသမီးများ၊ ကလေးများ၊ အသက်အရွယ် အိုမင်းသူများ၊ ဖျားနာသူနှင့် မသန်စွမ်းသူများကို အလေးထားဆောင်ရွက်ရန်**

**ထိုင်းနိုင်ငံ**

အကျပ်အတည်းများကို ရင်ဆိုင်ရန် စခန်းများရှိ ရပ်ရွာခေါင်းဆောင်များက အလျှင်အမြန်ပင် လုပ်ငန်းဆောင်တာ အမျိုးမျိုးကို ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းလုပ်ငန်းများတွင် လူမှုရေးအရ ခပ်ခွာခွာနေစေခြင်း၊ လက်ဆေးရန် နေရာများဖန်တီးပေးခြင်း၊ အရေးမကြီးသည့် ရပ်ပိုင်းဆိုင်ရာထိတွေ့မှု အစည်းအဝေးများကို ရပ်ဆိုင်းခြင်းများ ပါဝင်သည်။ စခန်းအတွင်းနှင့် အပြင် သွားလာမှုများကို တင်းကျပ်သည့်ကန့်သတ်မှုများ ဆောင်ရွက်ခဲ့သော်လည်း၊ အဓိကကျသည့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးမှုများ ရပ်တန့်ဆိုင်းငံ့မှု မရှိခဲ့ပါ။

အရေးပေါ်အခြေအနေကို တုံ့ပြန်ရန်အတွက်၊ TBC အဖွဲ့က စားနပ်ရိက္ခာကဒ် တန်ဖိုးကို အိမ်ထောင်စုအားလုံးသို့ တပြေးညီ တိုးမြှင့်ပေးခဲ့ပါသည်။ ယင်းတိုးမြှင့်မှုမှာ ၂၀၂၀ ခုနှစ် ဧပြီလမှ ဇွန်လအထိ အထူးထိခိုက်နစ်နာနိုင်သည့် အိမ်ထောင်စုများ အနိမ့်ဆုံး အာဟာရလိုအပ်ချက်ဆိုင်ရာ ပြည့်မီစေရန် အနေအထားနှင့် အတူတူပင် ဖြစ်ပါသည်။ ဧပြီလကုန်တွင် စားနပ်ရိက္ခာကဒ် တန်ဖိုးကို အိမ်ထောင်စုအားလုံးအတွက် နောက်ထပ် ၅% ထပ်တိုးပေးခဲ့သည်။ အကြောင်းမှာ ကူးစက်ကပ်ဘေးကြောင့် ထောက်ပံ့မှုကွင်းဆက် ပြတ်တောက် အဟန့်အတားဖြစ်ရမှုများ ရှိရာ စားနပ်ရိက္ခာဈေးနှုန်း မြင့်တက်လာမည့်အရေး ထည့်သွင်းစဉ်းစားချက်ကြောင့် ဖြစ်ပါသည်။

အုပ်စုလိုက် စုဝေးမှုများနှင့် သက်ဆိုင်သည့် အစီအစဉ်များကို ရပ်ဆိုင်းခဲ့ပါသည်။ အကြောင်းမှာ COVID-19 ကူးစက်မှုအန္တရာယ်ကို လျှော့ချရန် မစွမ်းနိုင်ခြင်းကြောင့် ဖြစ်သည်။ သို့မဟုတ် လူမှုရေးအရ ခပ်ခွာခွာနေစေခြင်းအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့သည်။

အချို့သော စီစဉ်ထားသည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ခုနှစ်အတွက် အသစ်သော ရိက္ခာခွဲတမ်းစာအုပ် ကို စခန်းများအားလုံးတွင် နှစ်ဆန်းပိုင်း၌ ဖြန့်ဝေခဲ့သည်။ အိမ်ထောင်စုတခုချင်းတွင် ရိက္ခာခွဲတမ်းစာအုပ် ရှိပြီး၊ အိမ်ထောင်စုနှင့်ပတ်သက်သည့် အရေးကြီးသတင်း အချက်အလက်များ၊ ဥပမာအားဖြင့် အိမ်ထောင်စု အမျိုးအစား၊ အိမ်ထောင်စု အဖွဲ့ဝင်များ၏ အသေးစိတ် အချက်အလက်၊ အိမ်ထောင်စုဝင်များ၏ ဓာတ်ပုံတို့ ပါဝင်သည်။ ရိက္ခာကဒ်စနစ် ဝန်ဆောင်မှု (FCS) ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် CompuLynx မှ Red Rose သို့ ပြောင်းလဲခဲ့ပြီး၊ စခန်းများအားလုံးတွင် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

နှစ်တိုင်း၏ ဖေဖော်ဝါရီလနှင့် မတ်လများတွင် ဝါးနှင့် ယူကလစ်ပင် အိမ်တိုင်များ၊ အိမ်မိုးသက်ကယ်များ အပါအဝင် အမိုးအကာပစ္စည်းများ ဖြန့်ဖြူးပေးပို့ခြင်းကို အမိုးအကာလုပ်ငန်း အုပ်စုများ (SWGs) နှင့် အမိုးအကာ အဖွဲ့များက ဆောင်ရွက်ခဲ့ကြသည်။ ယာယီစခန်း ၉-ခုအတွက် အမိုးအကာ ပစ္စည်းများပေးပို့မှုကို ဧပြီလတွင် ပြီးဆုံးခဲ့သည်။ ပစ္စည်းများ၏ ခြုံငုံ၍ အရည်အသွေးကို ကောင်းသည်ဟု ဒုက္ခသည်ရပ်ရွာလူထုများက သတင်းပေးပို့ကြသည်။ လေ့လာတွေ့ရှိမှုများအရ ထိ

[1] TBC အဖွဲ့၏ ၂၀၂၀-၂၀၂၂ မဟာဗျူဟာ အစီအစဉ်ကို အောက်ဖော်ပြပါ လင့်ခ်တွင် ရရှိနိုင်ပါသည်။
https://www.theborderconsortium.org/strategic-plans/strategic-plans-2020-2022/

ရောက်သော သိုလှောင်သိမ်းဆည်းမှု၊ စီမံမှုများကြောင့် ရပ်ရွာခေါင်းဆောင်များသည် အရေးပေါ်အခြေအနေများတွင် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ကြောင်း တွေ့ရသည်။

သိုလှောင်ရုံများ နှင့် မီးသတ်ပေး မှျော်စင်များစသည့် ရပ်ရွာအဆောက်အဦးများကို ပုံမှန်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပြင် ပြင်ဆင်ခဲ့ကြပါသည်။ ဇွန်လကုန်တွင် ၉၉% သော အထူးလိုအပ်ချက်ရှိသည့် အိမ်ထောင်စုများ (SSN) အတွက် အမိုးအကာများကို ပြင်ဆင်ပြီးစီး၍ သို့မဟုတ် ပြန်လည်တည်ဆောက်၍ ပြီးစီးပြီဖြစ်သည်။ အမိုးအကာ အဖွဲ့များနှင့် SWGs ၊ စခန်းကော်မတီများ ပူးပေါင်းဆောင်ရွက်မှုကောင်းသည့် ရလဒ်ကြောင့်ပင် ဖြစ်သည်။ ထိုသူများ၏ အလုပ်ကြိုးစားမှုကို အသိအမှတ်ပြု၍ စခန်းအခြေစိုက် ဝန်ထမ်းများက ၁၂ လထက်ပို၍ အလုပ်ဆောင်ရွက်ခဲ့ကြသူများ ကို အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးခဲ့သည်။ နိုဖိုးစခန်းတွင် အမိုးအကာအဖွဲ့နှင့် SWGs တို့က SSN အိမ်ထောင်စုများကို ပစ်မှတ်ထား၍ ထောက်ပံ့ပေးသည့် အမိုးအကာပစ္စည်းများ၏ အသုံးဝင်မှု နှင့် သူတို့၏အိုးအိမ်အခြေအနေကို ကောင်းစွာနားလည်သိရှိနိုင်ရန် အိမ်ထောင်စု စစ်တမ်းများ ကောက်ယူခဲ့သည်။ စစ်တမ်းတွေ့ရှိချက်အရ ၉၀% သော အိမ်ထောင်စုများသည် ထောက်ပံ့ပေးသည့် ပစ္စည်းများကို မှန်ကန်စွာအသုံးပြု၍ သူတို့၏ အိမ်များကို ပြုပြင်ခဲ့ကြသည်။

အုပ်စုအလိုက် သင်တန်းများနှင့် လူထုစည်းဝေးပွဲများကို ဖြစ်နိုင်ပါက အွန်လိုင်းအစည်းအဝေးများသို့ ပြောင်းလဲခဲ့ကြသည်။ အနည်းစုသော လူကိုယ်တိုင်တက်ရောက်ရသည့် သင်တန်းများလည်း ဆောင်ရွက်ခဲ့ပြီး၊ COVID-19 ကူးစက်ဘေး အကောင်းဆုံး ဆောင်ရွက်ရမှု လမ်းညွှန်များကို လိုက်နာ၍ လူခပ်ခွာခွာခြားကာ ဆောင်ရွက်ခဲ့သည်။ သို့မဟုတ် CoC ၊ ကလေးများကာကွယ်မှုပေးရေး၊ PSEAH သင်တန်းများကို အသစ်ဝင်သည့် စတိုင်ပင်ခံစားသူ ဝန်ထမ်းများအတွက် သင်တန်းများ ပို့ချပေးခဲ့ကြသည်။

**မြန်မာနိုင်ငံ**

TBC ၏ မိတ်ဖက်အဖွဲ့အစည်းများက ပဋိပက္ခခံစားနေကြရသည့် ကရင်နှင့် ကရင်နီ ရပ်ရွာအသိုက်အဝန်းများမှ လူထု ၁၃,၀၀၀ အတွက် ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်ကို ၂၀၂၀ ခုနှစ် ပထမ ၆-လပိုင်းတွင် အားဖြည့် ပံ့ပိုးခဲ့ကြသည်။ ဤလုပ်ငန်းများကို COVID-19 ကူးစက်ဘေးနှင့် ပတ်သက်သည့် ခရီးသွားလာမှု ကန့်သတ်မှုများ၊ သယ်ယူပို့ဆောင်ရေး အခက်အခဲ၊ လူစုလူဝေး မပြုရသည့် အကြီးအကျယ် အခက်အခဲရှိသည့် ပြောင်းလဲမှုအခြေအနေများအောက်မှ ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။ သဘာဝကပ်ဘေး လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ချက်များတွင် ဆန်စပါးဘဏ် တည်ထောင်ခြင်းလည်း ပါဝင်ပြီး၊ စားနပ်ရိက္ခာ မဖူလုံမှုကို လျှော့နည်းစေရန်နှင့် တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများတွင် ကြိုတင်၍ ဆေးဝါး ထောက်ပံ့ပစ္စည်းများ ထားရှိခြင်းတို့ ပါဝင်သည်။ ယင်းကို ၃-လစာ ဆန်ထောက်ပံ့ပေးမှုနှင့် ညီမျှသည့် ငွေသား ထောက်ပံ့ပေးမှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး၊ ပဋိပက္ခစစ်ပွဲများကြောင့် နှင့် စစ်တပ်အင်အား တိုးချဲ့လာသည့်အခါ အရေးပေါ်တုံ့ပြန်မှုအဖြစ် လိုအပ်ပါက ဆောင်ရွက်နိုင်သည်။

TBC ၏ မိတ်ဖက်အဖွဲ့အစည်းများက အစီအစဉ်များနှင့် ဘတ်ဂျက်များကို အလျှင်အမြန်ပင် ပြန်လည်ချိန်ညှိခဲ့ကြပြီး၊ COVID-19 ကူးစက်ဘေး၏ သက်ရောက်မှုများကို လျှော့နည်းစေရန် နည်းလမ်း ၄ သွယ်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

၁။ ကနဦး တုံ့ပြန်ဆောင်ရွက်မှုမှာ ဘေးအန္တရာယ် ဆက်သွယ်ရေးများနှင့် ရပ်ရွာ၏ ပူးပေါင်းဆောင်ရွက်မှု (RCCE) ဖြစ်ပြီး၊ လူမှုရေး အရ ခပ်ခွာခွာနေစေခြင်း၊ ပုံမှန် လက်ဆေးခြင်း နှင့် နှာခေါင်းစည်းဝတ်ဆင်ခြင်း စသည်တို့နှင့် ပတ်သက်၍ အမူအကျင့်ပြောင်းလဲစေရန် တိုက်တွန်းခြင်းနှင့် အသိပညာမြှင့်တင်ပေးခြင်းတို့ ဆောင်ရွက်သည်။

၂။ ယင်းလုပ်ငန်းများကို နှာခေါင်းစည်း၊ အနီအောက်ရောင်ချည် အပူချိန်တိုင်း ကရိယာ၊ လက်ဆေးဇလုံ စသည်တို့ အပါအဝင် တကိုယ်ရေ ကာကွယ်ရေး ပစ္စည်းများ (PPE) ကို ရပ်ရွာကျန်းမာရေးလုပ်သားများသို့ ဖြန့်ဖြူးပေးခြင်းဖြင့် ဆောင်ရွက်သည်။

၃။ စစ်ဆေးရေးဂိတ်များနှင့် ကွာရန်တိုင်း စင်တာများတွင် ESPs နှင့် အရပ်ဘက်လူမှုအဖွဲ့များ (CSOs) များ ကိုယ်တိုင်ကိုယ်ကျ ရှိနေခြင်းသည် အိမ်ပြန်လာသူ ရွှေ့ပြောင်းလုပ်သားများ နှင့် လူထုများ ရွှေ့ပြောင်းသွားလာမှုအတွက် မရှိမဖြစ်လိုအပ်သည့် စီမံခန့်ခွဲမှုဖြစ်ပြီး၊ တင်းကျပ်ကန့်သတ်မှုများကို ပို၍ သိသာထင်ရှားစေသည်။
၄။ ဈေးကွက်များသို့ သွားရောက်ခြင်းနှင့် လယ်ကွက်များသို့ သွားရောက်ရာတွင် ကန့်သတ်မှုများရှိလာသည်နှင့် အမျှ ပဋိပက္ခ ရှိနေရာ ရပ်ရွာဒေသများတွင် စားနပ်ရိက္ခာ မလုံခြုံမှုကို ပို၍ဆိုးရွားစေသည်။ ပစ်မှတ်ထား၍ စားနပ်ရိက္ခာများ ဖြန့်ဖြူးပေးခြင်း နှင့် ငွေသား လွှဲပြောင်းကူညီပေးခြင်းတို့သည် ပို၍ ထင်ရှားသည်။

လူထု အသိပညာပေးမှု မည်မျှထိရောက်သည်ကို အရေအတွက်အားဖြင့် ဖော်ပြရန် ခက်ခဲသော်လည်း၊ မိတ်ဖက်အဖွဲ့ အစည်းများက ဖော်ပြရာတွင် လူ၂၀၀,၀၀၀ ကျော်ကို ကြိုတင်ကာကွယ်မှုဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ အသိပေးနိုင်ခဲ့ပြီး၊ ဤအချိန်တွင် COVID-19 ကူးစက်မှု လျော့နည်းကျဆင်းစေရန် ကာကွယ်ပေးသည့် ပစ္စည်းများလည်း ပံ့ပိုးပေးခဲ့ကြသည်။ ခန့်မှန်း လူ ၁၀,၀၀၀ တို့သည် စားနပ်ရိက္ခာ ပြတ်လပ်နေကြသည်။ သို့သော် အမှန်တကယ် စားနပ်ရိက္ခာ ထောက်ပံ့ပေးသည့်၊ သို့မဟုတ် ငွေသားထောက်ပံ့ပေးသည့် အရေအတွက်ကိုမူ ယခုအချိန်တွင် မဆုံးဖြတ်နိုင်ပါ။ ခရီးသွားလာကန့်သတ်မှုများ၊ အခြား ကန့်သတ်မှုများ ဆက်လက်ရှိနေဆဲကြောင့် ဖြစ်သည်။

TBC ၏ မိတ်ဖက်အဖွဲ့အစည်းများက အိမ်ပြန်လာကြသည့် ရွှေ့ပြောင်းလုပ်သား ၅၀ ခန့်ကို တွေ့ဆုံမေးမြန်းခဲ့ကြရာ အများစု (၉၀%) မှာ တရားဝင်လမ်းကြောင်းများမှ ပြန်လာကြောင်း တွေ့ရှိရသည်။ နယ်စပ်ကို တရားမဝင်ဖြတ်ကျော်ခဲ့ကြသူများမှာ သူတို့ရပ်ရွာအခြေပြု ကွာရန်တင်း စင်တာများတွင် ရောက်ရှိသည့်အခါ သတင်းပို့ခဲ့ကြသည်။ သူတို့ ဦးတည်ရာကျေးရွာများသို့ ရောက်ရှိပြီးနောက် (ယခင် ကြိုတင်တည်ဆောက်ထားသည့် စင်တာများမဟုတ်ကြပါ။ ရပ်ရွာအပြင်ရှိ လယ်တဲ၊ သို့မဟုတ် ယာတဲများတွင် စီစဉ်ထားခြင်း ဖြစ်သည်)။ ဤဖြစ်ရပ်များတွင် မိသားစုဝင်များက ပြင်ဆင်ထားကြပြီး၊ အိမ်ပြန်လာကြသူများအတွက် ရေနှင့် အစားအစာများ နေ့စဉ် ပို့ပေးကြသည်။ ကြည့်ရသည်မှာ ထိုသူများကို ထိရောက်စွာ ခွဲခြားထားပုံရသည်။

**မဟာဗျူဟာမြောက် လမ်းညွှန်ချက် (၂)။ ။ စားနပ်ရိက္ခာ လုံခြုံရေးကို အာဟာရ တိုးတက်ရရှိစေခြင်း၊ ထုတ်လုပ်နိုင်စွမ်းရှိသော သက်မွေးဝမ်းကျောင်းကိစ္စများဖြင့် အားဖြည့်ပေးရန်။**

**ထိုင်းနိုင်ငံ**

TBC အဖွဲ့က အကျပ်အတည်းအခြေအနေ အောက်မှာပင်၊ ယခု အစီရင်ခံသည့် အချိန်ကာလအတွင်း ဒုက္ခသည်များ နှင့် အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူများ၏ စားနပ်ရိက္ခာ လုံခြုံရေးကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ စခန်းများသို့ သွားရောက်နိုင်ရန် အထူး တင်းကျပ်စွာ ကန့်သတ်ထားရာ၊ ပထမဦးစားပေးကိစ္စမှာ ရောဂါကူးစက်မှုကို အနည်းဆုံးဖြစ်အောင် လျှော့ချ၍ စားနပ်ရိက္ခာ လုံခြုံရေးကို အားမခံပေးနိုင်ရန် ဖြစ်သည်။ ဤသို့ဖြစ်စေရန် ထောက်ပံ့မှု ကွင်းဆက် နှင့် မရှိမဖြစ်လိုအပ်သော ထောက်ပံ့မှုများကို ဆက်လက် ထိန်းသိမ်းထားရင်း၊ လူချင်းထိတွေ့မှုမရှိစေသော ဖြန့်ဝေမှုကို အကောင်အထည်ဖော်ခြင်းအားဖြင့် ဒုက္ခသည်များထံသို့ ဖြန့်ဖြူးပေးခဲ့ပါသည်။ မိမိတို့က မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ ဖြစ်နိုင်သမျှ စခန်းတွင်းရှိ အထူးထိခိုက်နစ်နာဖွယ်ရှိသော ရပ်ရွာလူထုများ လုံခြုံစေရန် သေချာဆောင်ရွက်ခဲ့ပါသည်။ စားနပ်ရိက္ခာကဒ် (FCS) ဖြင့် ဈေးရောင်းချသူများ၊ ဝန်ထမ်းများနှင့် FCSWG အလုပ်အဖွဲ့ဝင်များသည် သက်ဆိုင်ရာ တကိုယ်ရေ ကာကွယ်ရေးပစ္စည်းများ (PPE) နှင့်ပတ်သက်၍ သင်တန်းများရယူပြီး COVID-19 ကာကွယ်ရေး ကျင့်သုံးလုပ်ဆောင်ပုံများအတိုင်း ဆောင်ရွက်ခဲ့ကြပါသည်။ ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန (MoI) က အပူချိန်တိုင်းခြင်းနှင့် စခန်းဂိတ်ဝတွင် လက်ဆေးစေခြင်း အပါအဝင် စမ်းသပ်ဖော်ထုတ်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်၍ စခန်းတွင်းသို့ မရှိမဖြစ် လိုအပ်သော ပစ္စည်းပို့ဆောင်သူများကို အနည်းဆုံးကူးစက်ပြန့်ပွားမှု မဖြစ်စေရန် ဆောင်ရွက်ခဲ့ကြပါသည်။

စခန်းများသို့ ဝင်ရောက်ရန် ကန့်သတ်မှုများရှိသော်လည်း၊ TBC က ဆက်လက်၍ ထောက်ပံ့မှုများ သေချာပေးပို့နိုင်ပြီး ယခု အစီရင်ခံချိန်အထိ စားနပ်ရိက္ခာကဒ်ဖြင့် ရောင်းချသည့် ဈေးဆိုင်များတွင်လည်း ကုန်ပစ္စည်းများ သိုလှောင်ထားနိုင်ပါသည်။ TBC အဖွဲ့က အဓိကကျသည့် လူသုံးကုန်ပစ္စည်းများကို ၃-လမှ ၆-လအထိ စခန်းများတွင် သိုလှောင်ထားနိုင်ပြီး၊ လက်ကားရောင်းချသူများ နှင့် ဈေးဆိုင်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။ သိုလှောင်ရုံများ၏ နေရာများကိုလည်း အသုံးချနိုင်ကြပါသည်။ ဤသို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် မိမိတို့အနေဖြင့် စားနပ်ရိက္ခာလုံခြုံမှုအတွက် စိုးရိမ်မှုများကို တိုက်ရိုက်ဖယ်ရှားနိုင်ခဲ့ပါသည်။ ပြင်ပအကြောင်းများကြောင့် မတည်ငြိမ်ဖြစ်ရသည့် အခြေအနေမှ ဒုက္ခသည်များ၏ စားနပ်ရိက္ခာ လုံခြုံမှုအတွက် သေချာဆောင်ရွက်ပေးနိုင်ပါသည်။

COVID-19 ကူးစက်ဘေးကြောင့် ဖြစ်သည့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ ဆောင်ရွက်ရသည့် အရေးပေါ် အစီအစဉ်များအပြင်၊ TBC အဖွဲ့က အာဟာရရရှိမှုဆိုင်ရာ ရေရှည်စီမံကိန်းအများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ TBC ၏ **“**ကျန်းမာသော ကလေးများ၊ တောက်ပသော အနာဂတ်” (Healthy Babies, Bright Futures) မွေးကင်းစကလေးငယ်များနှင့် ကလေးများ ကျွေးမွေးရေး အစီအစဉ် (IYCF) ကို ယခုကာလအတွင်း ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှ စတင်၍ ဤဆောင်ရွက်မှုဖြင့် TBC က ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ ကလေးများ၊ မိသားစုတွင်းရှိ ကျွေးမွေးမှု အစီအစဉ်အပေါ် ဩဇာလွှမ်းနိုင်သော အခြားသော အိမ်ထောင်စုဝင်များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ပထမ ၆-လတွင် လုံးဝမိခင်နို့သီးသန့် တိုက်ကျွေးရေး အလေးပေးပြီး၊ ကလေး ၂၄ လတိုင် ဆက်လက်နို့တိုက်ကျွေးရေး၊ အသက် ၆-လမှ ၂၄-လတွင် သင့်တော်သော ဖြည့်စွက်စာ ကျွေးမွေးရေးနှင့် မိခင်များ ကောင်းမွန်သော အာဟာရ ရရှိရေး အတွက် ဆောင်ရွက်ခဲ့သည်။ ဤအစီအစဉ်တွင် ကလေးအားဖြည့်စာ- ဘေဘီဘရိုက် (BabyBRIGHT) ကို စခန်း ၉-ခုတွင် ဖြန့်ဖြူးပေးခြင်း ပါဝင်ပြီး၊ ပုညက်ခြင်း ပြဿနာကို ဖြေရှင်းပေးခဲ့သည်။ **(**ရေရှည် အဟာရချို့တဲ့ခြင်းကြောင့် ဖြစ်ရသည်**)**။ ခန့်မှန်း ကလေး ၂**,**၀၀၀ ခန့် IYCF အစီအစဉ် **“**ကျန်းမာ သော ကလေးများ၊ တောက်ပသော အနာဂတ်**”** တွင် ပါဝင်ခဲ့ပြီး၊ လစဉ်အခြေခံ ဆောင်ရွက်သည်။

ဇူလိုင်လတွင် ဖြန့်ချိခဲ့သည့် ၂၀၁၉ ခုနှစ်တွင် နှစ်နှစ်တစ်ကြိမ် ဆောင်ရွက်သည့် အာဟာရ ရရှိမှုဆိုင်ရာ စစ်တမ်း[2] အရ အတည်ပြု ဖော်ပြသည်မှာ ကလေးများ၏ ကျေနပ်ဖွယ် အာဟာရ ရရှိမှုအခြေအနေကို တွေ့ရှိရသည့်အတွက်ကြောင့် စားနပ်ရိက္ခာကဒ် (FCS) ၏ အပြုသဘော သက်ရောက်မှုနှင့် TBC အဖွဲ့၏ စားနပ်ရိက္ခာ လုံခြုံရေးနှင့် အာဟာရ ရရှိမှု အစီအစဉ်က ထိရောက်စွာ အကောင်အထည်ဖော်နိုင်သည်ကို ထင်ဟပ်နေပါသည်။ စစ်တမ်းကောက်ယူမှုကို ဒုက္ခသည်စခန်း ၉-ခုလုံးတွင် ၂၀၁၉ ခုနှစ် မေလမှ နိုဝင်ဘာလအတွင်း ဆောင်ရွက်ခဲ့ပြီး၊ အသက် ၆-လမှ ၅၉ လကြားရှိ ကလေး ၃,၇၈၀ ဦး ပါဝင်ခဲ့သည်။ စခန်းများအားလုံးမှ ဖော်ပြသော ကိန်းဂဏန်းများသည် လက်ခံနိုင်လောက်သည့် အခြေအနေ နည်းပါးပါသည်။

**မြန်မာနိုင်ငံ**

LIFT အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍ TBC အဖွဲ့နှင့် မိတ်ဖက် ၁၈ ဖွဲ့ ပူးပေါင်းဆောင်ရွက်၍ စိုက်ပျိုးရေးထုတ်လုပ်နိုင်မှု၊ အာဟာရ ရရှိမှု၊ လူမှုကာကွယ်ပေးရေးဆိုင်ရာ အခြေခံ စစ်တမ်းတခုကို ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ပဋိပက္ခဖြစ်ပွား သက်ရောက်ရာ ဒေသများနှင့် အိုးအိမ်စွန့်ပစ်ထွက်ပြေးရသူ ရပ်ရွာလူထုများအကြား ကောက်ယူနိုင်ခဲ့သည်။ မြို့နယ် ၉-ခုအနှံ့တွင် အလွှာလိုက်ခွဲ၍ အုပ်စုအလိုက် နမူနာထုတ်သည့် နည်းလမ်း (A stratified cluster sampling) ဖြင့် လေ့လာခဲ့ပြီး၊ အိမ်ထောင်စု ၆၃၀ တွင် သူတို့၏ ဗဟုသုတ၊ သဘောထားများ နှင့် ကျင့်သုံးပုံများ၊ အသက် ၅-နှစ်အောက် ကလေး ၉၅၅ ဦး၏ အာဟာရ ရရှိမှုဆိုင်ရာ အခြေအနေကို လေ့လာခဲ့ပါသည်။

[2] နှစ်နှစ် တစ်ကြိမ်ဆောင်ရွက်သည့် အာဟာရ ရရှိမှုဆိုင်ရာ စစ်တမ်းကောက်ယူမှုကို အောက်ဖော်ပြပါ လင့်ခ်တွင် ရရှိနိုင်သည်။
https://www.theborderconsortium.org/nutrition-2014-2020/2019-nutrition-survey-report/

တစုံလုံးတွင် တွေ့ရှိချက်များအရ ပဋိပက္ခစစ်ပွဲများ ရေရှည်မှုနှင့်အတူ ထိခိုက်နစ်နာလွယ်မှု ရေရှည်ရှိနေပြီး၊ မြင့်မားနေသည်ကို အလေးပေးဖော်ပြနေပါသည်။ စိုက်ပျိုးရေးကဏ္ဍ ညွှန်းကိန်းများအရ မိမိဘာသာဖူလုံရေး သက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် မည်သို့ပင်ဖြစ်စေ ရှော့ခ်နှင့် ဖိအားများသက်ရောက်မှုအတွက် ကြံ့ကြံ့ခံနိုင်ရည်အား ကောင်းသည်ကို ထင်ဟပ်ဖော်ပြနေပါသည်။ တွေ့ရှိချက်များအရ လတ်တလောမကြာမီကာလက အာဟာရ ချို့တဲ့ရရှိမှု နှုန်းနိမ့်ကျသည်ကို အတည်ပြုဖော်ပြနေပြီး၊ ကလေးများတွင် ပုညက်မှုနှုန်း မြင့်မားနေသည်ကို တွေ့ရသည့်အတွက်ကြောင့် ရေရှည်အသိနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတွင် သက်ရောက်မှု ရှိနေသည့်အပေါ် စိုးရိမ်ရပါသည်။ လူမှု ကာကွယ်ပေးရေးစနစ်များကို အလွတ်သဘော ကြန်အင်သတ်မှတ်ထားချက်ဖြစ်ပြီး၊ ပဋိပက္ခဖြစ်ပွားရာ ရပ်ရွာလူထုများအကြားတွင် ရှိနေသည့် လူမှုရေး အရင်းအနှီးများကို အဓိကာအားဖြင့် ရည်ညွှန်းခြင်း ဖြစ်သည်။

Covid-19 ကူးစက်ဘေးနှင့် ဆက်စပ်၍ ဖြစ်လာသည့် ကန့်သတ်မှုများကြောင့် လုပ်ငန်း ရုတ်ချည်းပြောင်းလဲမှုများ ဖြစ်ပေါ်ရသော်လည်း တောင်ပေါ်လယ်ယာ စိုက်ပျိုးရေး (တောင်ယာ) ကျင့်သုံးလုပ်ဆောင်မှုများနှင့် ပတ်သက်၍ သိသာထင်ရှားသည့် အပြောင်းအလဲများ ပြုနိုင်ခဲ့ပါသည်။ ဤသို့ဖြစ်ရသည်မှာ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးနှင့် ပတ်သက်၍ အထူးသင်တန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ရေသွင်းမြောင်းများ တိုးချဲ့နိုင်ခြင်း၊ ဈေးကွက်သို့ သွားရောက်ရောင်းချနိုင်ရန် မော်တော်ဆိုင်ကယ်လမ်းများ ပြုပြင်နိုင်ခဲ့ခြင်း စသည့် အကြောင်းများကြောင့် ဖြစ်သည်။ အကယ်၍ ကေအဲန်ယူက မိမိဘာသာ ရပ်တည်နိုင်ရေးစိုက်ပျိုးသူ လယ်သမားများထံသို့ မြေယာအသုံးချခွင့် လက်မှတ် အသိအမှတ်ပြုမှုများ ထုတ်ပေးနိုင်ပါက၊ နိုင်ငံအာဏာပိုင်များက ဆက်၍ ကာကွယ်မှုပေးနိုင်ပါက၊ ရေရှည် အကျိုးသက်ရောက်မှုများ သိသာစွာ မြင့်မားလာမည် ဖြစ်သည်။

အလားတူပင် ရပ်ရွာကျန်းမာရေး လုပ်သားများအကြား အာဟာရဆိုင်ရာ သိမြင်မှုနှင့် ပတ်သက်၍ခိုင်မာသည့် အုတ်မြစ်တခု ချနိုင်ခဲ့ပြီဟု ဆိုနိုင်ပါသည်။ TBC ၏ စားနပ်ရိက္ခာနှင့် အာဟာရဆိုင်ရာ အထူးကျွမ်းကျင်သူများက စံနှုန်းကျသတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်း[3] ဖြင့် ဆရာဖြစ်သင်တန်း (ToT) (၂) ခုကို မတ်လတွင် ရှေ့ဆောင်ပေးခဲ့ပါသည်။ စုစုပေါင်း ကျန်းမာရေးလုပ်သား ၉၃ ဦး (အမျိုးသမီး ၇၁%) ရှိပြီး၊ ကရင်၊ မွန်နှင့် ကရင်နီရပ်ရွာ အသိုက်အဝန်းများမှ ၅-ရက်ကြာ သင်တန်းကို မဲဆောက်နှင့် ဒီမောဆိုတို့တွင် ကျင်းပရာ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ TBC အဖွဲ့က သတင်းအချက်အလက်များ၊ ပညာပေး နှင့် လုံ့ဆော်ရေး စာရွက်စာတမ်းများကို သက်ဆိုင်ရာဘာသာစကားဖြင့် မိတ်ဖက်အဖွဲ့အစည်းများသို့ ဖြန့်ဖြူးပေးခဲ့ပါသည်။ သက်ဆိုင်ရာ ရပ်ရွာလူထုများအကြား အာဟာရ ရရှိမှုဆိုင်ရာ သတင်းစကားကို ဆက်လက်ဖြန့်ဝေနိုင်ရန် ဖြစ်သည်။

**မဟာဗျူဟာမြောက် လမ်းညွှန်ချက် (၃)။ ။ ကာကွယ်ပေးမှုရှိသော ပတ်ဝန်းကျင်ကို မြှင့်တင်ဆောင်ရွက်ပေးရေး နှင့် အိုးအိမ်စွန့် ထွက်ပြေးရသူများနှင့် စစ်ဘေးသင့်ရသူ ရပ်ရွာလူထုများအတွက် လုံခြုံသည့်၊ ဂုဏ်သိက္ခာရှိသည့် အနာဂတ်များ ဖန်တီးပေးရေး။**

### ထိုင်းနိုင်ငံ

COVID-19 ကူးစက်ဘေး စတင်ဖြစ်ပွားသည်နှင့်၊ ပဌမအသုတ် မိမိဆန္ဒအလျောက် အိမ်ပြန်ကြမည့်အုပ်စုကို ဖေဖော်ဝါရီလကုန်တွင် အိမ်ပြန်ရန် စီစဉ်ထားခဲ့သော်လည်း၊ အချိန် အကန့်အသတ်မရှိ ဆိုင်းငံ့ထားခဲ့သည်။ ၂၀၂၀ ခုနှစ်၏ ကနဦးဘတ်ဂျက်တွင် ယခုနှစ်တွင် လူဦးရေ ၇% လျော့နည်းသွားလိမ့်မည်ဟု ခန့်မှန်းတွက်ဆထားခဲ့သည်။ ယင်းအစား အသစ်မွေးဖွားလာသည့် ကလေးများ နှင့် ပြင်ပတွင် အလုပ်လုပ်နေကြသူများ စခန်းပြန်လာကြသည့်အတွက်ကြောင့် လူဦးရေ တိုးတက်လာခဲ့သည်။

---

[3] TBC နှင့် အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေး ကော်မတီ (IRC) တို့၏ အာဟာရ သင်ရိုးညွှန်းတမ်း -အခြေခံ နှင့် အဆင့်မြင့် သင်ခန်းစာများ၊ သင်တန်းလက်စွဲ၊ (Version 2.0) ကို အင်္ဂလိပ်၊ မြန်မာ၊ ကရင်၊ ထိုင်းဘာသာများဖြင့် ဤနေရာတွင် ရရှိနိုင်သည်။
https://www.theborderconsortium.org/resources/additional-resources/

လုံခြုံစွာနှင့် သတင်းများကို သိရှိ၍ အိမ်ပြန်နိုင်ရေးဆိုင်ရာ ပြင်ဆင်မှုများကို ယခုနှစ်၏ ပထမ ၆-လတွင် ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါသည်။ ကူးစက်ကပ်ဘေး မဖြစ်မီတွင် အိမ်ပြန်၍ လေ့လာကြည့်ရှုမှု (GSV) ခရီးစဉ် ၄-ခု ယခုအစီရင်ခံစာ ရေးချိန်အထိ ဆောင်ရွက်ခဲ့ပါသည်။ ယင်းခရီးစဉ်များတွင် အဓိကကျသည့် အချက်များဖြစ်သော သက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် မြေ သင့်လျော်မှုနှင့် ရရှိနိုင်မှု၊ သုံးစွဲရေနှင့် တိရိစ္ဆာန်မွေးမြူရေး လုပ်ငန်းများတွင် အသုံးချရန် တနှစ်ပတ်လုံး ရေရရှိနိုင်မှုနှင့် အသုံးဝင်မှု၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မြေဆီသြဇာ ကြွယ်ဝမှု၊ တနှစ်ပတ်လုံး လမ်းများ အသုံးချနိုင်မှု နှင့် အခြေအနေ၊ အိမ်ရှင်ရပ်ရွာလူထု၊ ဒေသခံ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်မှု စသည့် အခြေအနေများကို အလေးပေး လေ့လာခဲ့ကြပါသည်။

သို့သော်လည်း COVID-19 ကူးစက်ဘေး ဆက်လက်ဖြစ်ပွားနေသည့်အတွက်ကြောင့်၊ ထိုင်း-မြန်မာနယ်စပ် ဖြတ်ကျော်မှုကို လက်ရှိတွင် မိခင်နိုင်ငံသို့ ပြန်ကြမည့် သူများအတွက်သာ ခွင့်ပြုထားကြသည်။ အိမ်ပြန်၍ လေ့လာစောင့်ကြည့်မှု (GSV) ခရီးစဉ်များ၊ အလားတူ အိမ်ပြန်ရေး အစီအစဉ်ရေးဆွဲမှု အစည်းအဝေးများ သို့မဟုတ် တိုင်ပင် အကြံဉာဏ်ရယူခြင်းများကို ဆိုင်းငံ့ထားသည်။ ယင်းလုပ်ငန်းများကို နယ်စပ်ပြန်ဖွင့်သည်နှင့် ကန့်သတ်မှုများ လျှော့ချပေးသည်နှင့် ပြန်စနိုင်မည်ဟု ခန့်မှန်းသည်။

**မြန်မာနိုင်ငံ**

တိုင်းရင်းသား ရပ်ရွာလူထုများတွင် လူမှုရေးအရ ကာကွယ်ပေးမှုဆိုင်ရာ လုပ်ငန်းစနစ်များ ဖြစ်ပေါ်လာစေရေး နှင့် တုံ့ပြန်မှုရှိစေရေးအတွက် အရပ်ဘက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် (ESPs) တို့၏ လိုလားဆောင်ရွက်မှု၊ အရည်အသွေးများကို အလေးပေး၍ ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ ပထမ ၆-လပိုင်းတွင် COVID-19 ကြိုတင်ကာကွယ်ရေး၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များအပေါ် အလေးထား၍ ရန်ပုံငွေများကို ပြန်၍ ခွဲဝေချထားခြင်း၊ လုပ်ငန်းအစီအစဉ်များကို ပြန်၍ချိန်ညှိခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ဤသို့ အရေးပေါ်တုံ့ပြန်မှုများ၏ အတိုင်းအဆ နှင့် ဖြန့်ဖြူးမှုများ ဆောင်ရွက်ရာတွင် မူလကတည်းက မြော်မြင်ချက်ထားသည့် လူမှုရေးအရ ကာကွယ်မှုပေးရေး ကိစ္စများကို မထိခိုက်မနစ်နာစေခဲ့ပါ။ ဤသို့ အခက်အခဲများကြားမှပင်၊ မျိုးစေ့နှင့် ဆန်စပါးဘဏ်ကို စ၍ တည်ထောင်ခဲ့သည်။ စောစီးစွာ ကလေးဖွံ့ဖြိုး မှုအတွက် ပံ့ပိုးမှုကို ဆက်၍ထိန်းသိမ်းထားနိုင်ခဲ့သည်။ ကာကွယ်မှုပေးရေးကိစ္စများအတွက် စောင့်ကြည့်မှုကို မြှင့်တင်ဆောင်ရွက်နိုင်သည်။ လိင်မှုဆိုင်ရာနှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများကို တုံ့ပြန်သည့်နည်းလမ်းများ အမျိုးအစား စုံလင်ထွေပြားစေခဲ့သည်။

TBC အဖွဲ့ ရေရှည်လက်တွဲခဲ့သည့် မိတ်ဖက်အဖွဲ့အစည်းတခုဖြစ်သော၊ ကရင် လူ့အခွင့်အရေးအဖွဲ့ (KHRG) က အစီရင်ခံစာ ၂၀ စောင်ကို ထုတ်ပြန်ဖြန့်ချိခဲ့ပြီး၊ ၂၀၂၀ ခုနှစ် ပထမ ၆-လပိုင်းအတွင်း ကရင်ရပ်ရွာ အသိုက်အဝန်းများအပေါ် လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်မှုများနှင့် စိုးရိမ်ပူပန်မှုများကို တင်ပြထားခြင်း ဖြစ်သည်။ ဤသို့အစီရင်ခံစာများတွင် အခြေအနေ နောက်ဆုံးသတင်း ဖော်ပြချက်များ၊ ဖြစ်ရပ် အစီရင်ခံစာများ၊ ကွင်းဆင်း အစီရင်ခံစာများနှင့် သတင်းလွှာများ ပါဝင်သည်။ ဤအစီရင်ခံစာများက စစ်တပ်အင်အားတိုးချဲ့ ချထားလာမှုကြောင့်၊ အရပ်သားများအပေါ် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ၊ နှိပ်စက်ညှဉ်းပန်းမှု၊ မြေမြှုပ်မိုင်းများ၊ အတင်းအကျပ် အခွန်ကောက်ယူခြင်း၊ မြေသိမ်းပိုင်ခြင်း၊ လယ်ယာများကို ပစ်မှတ်ထား မီးတင်ရှို့ခြင်း၊ ယဉ်ကျေးမှု အထိမ်းအမှတ်များ ဖျက်ဆီးခြင်း၊ သက်မွေးဝမ်းကျောင်းနှင့် ကျန်းမာရေး စောင့်ရှောက်ခံမှု ရယူရန် ကန့်သတ်ချုပ်ချယ်မှုများ.. စသည့် အကျယ်အပြန့်သော ကာကွယ်မှု ပေးရေးဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖော်ပြထားပါသည်။

ထို့အပြင်၊ KHRG က မြန်မာနိုင်ငံသို့ အိမ်ပြန် အခြေချကြသည့် ဒုက္ခသည်များနှင့် ပြည်တွင်းဒုက္ခသည်များ (IDPs) အခြေအနေဆိုင်ရာ အစီရင်ခံစာရှည်များကိုလည်း စုဆောင်းခဲ့ပါသည်။ ယင်းတို့ကို မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင်

တိုင်းရင်းသား လူနည်းစုများကို ခွဲခြားဖိနှိပ်မှုများ ..စသည့် မှတ်ချက်များနှင့် ဖြည့်ဆည်းမည် ဖြစ်သည်။ ယင်းပူးပေါင်း အစီရင်ခံစာ (အကြောင်းအရာနှင့် မှတ်ချက်များ) ကို စက်တင်ဘာလတွင် ပုံနှိပ်ဖြန့်ချိမည်ဟု ခန့်မှန်းထားပါသည်။

**မဟာဗျူဟာမြောက် လမ်းညွှန်ချက် (၄)။ ။ တာဝန်သိသော အသွင်ပြောင်းမှုဖြစ်စေရေးအတွက် တာဝန်ယူတာဝန်ခံမှု၊ မိတ်ဖက်ပြုမှု နှင့် ဒေသခံတို့၏ ပိုင်ရှင်ဖြစ်မှုကို အားဖြည့်ရန်။**

**ထိုင်းနိုင်ငံ**

COVID-19 ကူးစက်ကပ်ဘေးနှင့် ပတ်သက်သည့် ခရီးသွားလာမှု ကန့်သတ်မှုများ ဖြစ်ပေါ်လာသည့် အချိန်တွင် TBC အဖွဲ့နှင့် ဒုက္ခသည်များအကြား ဝေးကွာလှမ်း၍ ဆက်ဆံနေရသောကြောင့် ဒေသခံတို့၏ ပိုင်ရှင်ဖြစ်မှုမှာ အထူးပို၍ အရေးကြီးလာပါသည်။ အပတ်စဉ် TBC ၏ ကွင်းဆင်း ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးများကို ဆက်လက်ဆောင်ရွက်၍ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှုများ နှင့် အပတ်စဉ် အစီအစဉ်ရေးဆွဲခြင်းများကို ဆောင်ရွက်နေပါသည်။ TBC အဖွဲ့က ဒုက္ခသည်ကော်မတီများ၊ စခန်းကော်မတီများနှင့် နေ့စဉ်ဆက်သွယ်၍၊ စခန်းများရှိ မိမိတို့၏ အဓိကကျသည့် ရပ်ရွာအခြေပြု မိတ်ဖက်များ (CBOs) များ၊ ကရင်နှင့် ကရင်နီ အမျိုးသမီးအဖွဲ့အစည်းများနှင့် တပတ်နှစ်ခါ ဖုန်းဖြင့်သော်လည်းကောင်း၊ လူမှုမီဒီယာများမှတဆင့်သော်လည်းကောင်း ဆက်သွယ်နေပါသည်။ CCSDPT နှင့် UNHCR တို့က ကမကထပြုမှု၊ WHO, CDC, ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာန (MoPH)၊ နိုင်ငံခြားရေး ဝန်ကြီးဌာန (MoFA) နှင့် ပြည်ထဲရေး ဝန်ကြီးဌာန (MoI) တို့၏ ပါဝင်မှုတို့ဖြင့် အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်လုပ်ရေး လုပ်ငန်းစဉ်ကို စ၍ဆောင်ရွက်နေပါသည်။

ဇန်နဝါရီမှ ဇူလိုင်လအတွင်း တာဝန်ယူ တာဝန်ခံမှု၊ မိတ်ဖက်ပြုမှုနှင့် ဒေသခံတို့ ပိုင်ဆိုင်မှုနှင့် သက်ဆိုင်သော အဓိကကျသည့် လှုပ်ရှားမှုအချို့ရှိခဲ့ပါသည်။ ဒေသခံ ရပ်ရွာလူထု အဖွဲ့အစည်းများကို အားဖြည့်ပေးနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ပြီး၊ ထိခိုက်နစ်နာနိုင်မှုအတွက် ပါဝင်ဆောင်ရွက်မှုဆိုင် လှုပ်ရှားမှုများ (PAV) သည် စခန်းများ အားလုံးရှိ ထိခိုက်နစ်နာလွယ်သည့် အမျိုးသမီးများကို ထိတွေ့၍ ပံ့ပိုးပေးသည့် လုပ်ငန်းတခုဖြစ်သည်။ ယခုကာလအတွင်း နှစ်စဉ် *PAV* အစည်းအဝေးများကို စခန်း ၉ ခုလုံးတွင် ကျင်းပနိုင်ခဲ့ပြီး၊ ကုလ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ အဲန်ဂျီအိုများ ပါဝင်တက်ရောက်ခဲ့သည်။ ယခု ထိခိုက်နစ်နာလွယ်သည့် အုပ်စုအတွက် မည်သည့် လိုအပ်ချက်များရှိမည်ကို အကဲဖြတ် လေ့လာခဲ့ကြသည်။ ၂၀၂၀ ခုနှစ် လုပ်ငန်းအစီအစဉ်များသည် စခန်းတခုချင်းအလိုက် ရေးဆွဲထားခြင်းဖြစ်ပြီး၊ အဓိကကျသည့် ကဏ္ဍ ၅-ခုကို အလေးပေးထားသည်။ ၎င်းတို့မှာ ပညာရေး၊ ကျန်းမာရေး၊ သက်မွေးဝမ်းကျောင်း၊ အနာဂတ်အတွက် ပြင်ဆင်မှုနှင့် လူမှုရေးအရ ပါဝင်နိုင်ရေး၊ ကာကွယ်မှုပေးရေးတို့ ဖြစ်သည်။

ယခုအစီရင်ခံစာ ရေးသားသည့်ကာလတွင်၊ TBC အဖွဲ့က အကျိုးခံစားခွင့်ရှိသူများ တိုင်ကြားမှုများနှင့် တုံ့ပြန်ပေးရေးစနစ် (BCRM) မှတဆင့် တိုင်ကြားစာ ၁၇ စောင် လက်ခံရရှိပါသည်။ များမကြာမီက အများဆုံးသော တိုင်ကြားမှုမှာ ထောက်ပံ့ရေးကွင်းဆက် ပြတ်တောက်မှုကြောင့် စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်လာခြင်း ဖြစ်ပါသည်။ TBC က စားနပ်ရိက္ခာကဒ်တန်ဖိုးတွင် အိမ်ထောင်စုအားလုံးအတွက် နောက်ထပ် အပိုဆောင်း ၅% ကို ဧပြီလကုန်မှစတင်၍ မေလကုန်ကျစရိတ်အတွက် ပေးခဲ့ပါသည်။ ကုန်ဈေးနှုန်းမြင့်မားလာမှုကို ထေမိစေရန် ဖြစ်သည်။ TBC က BCRM တိုင်ကြားမှုစနစ်ကို ဆက်လက်၍ ဖွင့်ထားပြီး၊ ကူးစက်ကပ်ဘေးကာလတွင်ပင် အပြည့်အဝ လုပ်ဆောင်မှု ရှိနေသည်။

**ယခုကာလများတွင် စခန်းသတင်းပြန်ကြားရေး အဖွဲ့များကို အသုံးပြု၍** COVID-19 ကူးစက်ဘေးနှင့် ပတ်သက်သည့် သတင်းများကို ဒုက္ခသည်များထံသို့ ဖြန့်ဝေပေးခဲ့ပြီး၊ ကူးစက်ဘေး လျှော့ချနိုင်ရေး အကောင်းဆုံးကျင့်သုံးမှုများ၊ COVID-19 နှင့် ပတ်သက်သည့် နောက်ဆုံးသတင်းများ၊ ယင်းကြောင့် ပြန်လည်နေရာချထားမှု လုပ်ငန်းစဉ်တွင် ထိခိုက်သက်ရောက်မှုများ အကြောင်း ဖြစ်သည်။ မိတ်ဖက်အဖွဲ့အစည်းများက COVID-19 ကူးစက်ဘေးနှင့် ပတ်သက်၍ သတင်းများ

စီစဉ်ရေးသားခဲ့ကြသည်။ ယင်းတို့တွင် သီချင်းများ၊ ကာတွန်းများ၊ အနုပညာလုပ်ငန်းများ အပါအဝင်ဖြစ်ပြီး၊ ယင်းတို့ကို လူမှု မီဒီယာသုံး၍ ထိရောက်စွာ ဖြန့်ချိနိုင်ခဲ့သည်။ စားနပ်ရိက္ခာကဒ်ဖြင့် ရောင်းသည့် ဈေးဆိုင်များ၊ ရပ်ရွာလူထု ဆုံဆည်းရာများတွင်လည်း ဖြန့်ဝေပေးခဲ့သည်။ FilmAid အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်၍ လူခပ်ခွာခွာ ခြားစေပြီး ဒုက္ခသည်များ အတွက် ရုပ်ရှင်ပြသပွဲများလည်း ရှိသည်။ UNHCR က ဖြန့်ဝေပေးသည့် နှာခေါင်းစည်းများကို ရုပ်ရှင်လာကြည့်သူများ ကို တပ်ဆင်စေခဲ့သည်။

## မြန်မာနိုင်ငံ

TBC အဖွဲ့က မိတ်ဖက်အဖွဲ့ ၁၈ ခုနှင့် စွမ်းရည်ပိုင်းဆိုင်ရာ အကန့်အသတ်များကို တိုင်ပင်အကြံရယူ၍ ယင်းတို့၏ အကြံ ပြုချက်များအတိုင်း ၂၀၂၀ ခုနှစ်အတွက် အဖွဲ့အစည်းဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်များကို ရေးဆွဲခဲ့ပါသည်။ သို့သော် COVID 19 ကူးစက်ဘေးကြောင့် အချို့သော လှုပ်ရှားမှုများမှာ နောက်ကျနေရပါသည်။ အဖွဲ့အစည်း စီမံခန့်ခွဲမှုတွင် အများဆုံး လိုအပ်နေသည့်အချက်မှာ ဦးတည်ချက်များ (mission) နှင့် မဟာဗျူဟာမှတ်တမ်းများကို ပြန်လည်သုံးသပ်၍ ပြင်ဆင် ဖြည့်စွက်ခြင်း ဖြစ်ပြီး၊ အဖွဲ့အစည်းတခု၏ စီမံခန့်ခွဲမှု မူဝါဒများနှင့် လုပ်ငန်းစဉ်များလည်း လိုအပ်နေပါသည်။ ယေဘုယျ အားဖြင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု စနစ်များမှာ သင့်တော်ကောင်းမွန်သော်လည်း၊ အများသော မိတ်ဖက်အဖွဲ့များက အလှူ ရှင်အများထံမှ လက်ခံရရှိသော ငွေစရင်းများကို စုစည်းခြင်း နှင့် စီမံချက်အသုံးစရိတ်များနှင့် ပတ်သက်၍ ကူညီပံ့ပိုးပေး ရန် တောင်းဆိုခဲ့ကြသည်။ အဖွဲ့အစည်း၏ အုပ်ချုပ်မှုစနစ် ဖွဲ့စည်းထားပုံကို အားဖြည့်ပေးခြင်း နှင့် ဝန်ထမ်းရွေးချယ်စု ဆောင်းမှု လုပ်ငန်းစဉ်များကို တိုးတက်စေခြင်း စသည်တို့မှာ မိတ်ဖက်အဖွဲ့အများအတွက် လူသားရင်းမြစ် စီမံခန့်ခွဲမှု လိုအပ်ချက်များ ဖြစ်ကြသည်။ စောင့်ကြည့်လေ့လာခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း၊ လေ့လာမှုစနစ်များ စသည်တို့ကို အဖွဲ့အစည်း ဖွံ့ဖြိုးမှု၏ ညွှန်းကိန်းများအဖြစ် အများက လိုအပ်နေကြသည်။ ပို၍ အဆင့်မြင့်သည့် ဒေတာ စီမံခန့်ခွဲမှု လုပ် ငန်းစဉ်များကို အသုံးပြုလိုနေကြသည်။

ယေဘုယျအားဖြင့် အားလုံးသော မိတ်ဖက်အဖွဲ့အစည်းများက ဝန်ထမ်း လေ့ကျင့်ဖွံ့ဖြိုးမှုအတွက် အချို့သော နည်းပညာ ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ သူတို့သက်ဆိုင်ရာ ကဏ္ဍနယ်ပယ်များတွင် ဖြည့်ဆည်းပေးရန် တောင်းဆိုကြသည်။ ဌာန ပေါင်းစုံ လွှမ်းခြုံသည့် လိုအပ်မှုများအဖြစ် မြေပုံထုတ်သည့်နယ် ခွဲခြမ်းလေ့လာမှု (mapping skills)၊ ပဋိပက္ခနှင့် ပတ် သက်၍ အကဲဆတ်သိရှိမှု နှင့် ကျား-မကွဲပြားမှုဆိုင်ရာ အသိကို လုပ်ငန်းအားလုံးဖြည့်ဆည်းဆောင်ရွက်မှု (gender mainstreaming) တို့ လိုအပ်နေကြောင်း ဖော်ထုတ်သိရှိရသည်။ ခရီးသွားလာခွင့်နှင့် လူစုလူဝေးလုပ်ရန် ကန့်သတ်ထား သည့်အတွက်ကြောင့် TBC ဝန်ထမ်းများက မိတ်ဖက်အဖွဲ့အစည်းများအတွက် လမ်းညွှန်များ ပြုစု၍ စီမံချက်နှင့် အတိ အကျ သက်ဆိုင်သည့်၊ သို့မဟုတ် လုပ်ငန်းနယ်ပယ် အားလုံးလွှမ်းခြုံသော ကိစ္စများကို အသိပေးဆောင်ရွက်နေသည်။ TBC ဝန်ထမ်းများက သက်ဆိုင်ရာ ကွင်းဆင်းလုပ်ငန်းများတွင် အရည်အသွေးထိန်းသိမ်းမှုကို အားကောင်းစေရန်၊ အကျိုး ခံစားခွင့်ရှိသူများ၏ အရေအတွက် ဒေတာထည့်သွင်းမှုကို အလေးပေး ဆောင်ရွက်ရုံမျှမက၊ အမှတ်ပေးစနစ်များ (checklists) ရေးဆွဲထားရှိသည်။

# TBC ဘဏ္ဍာရေး သုံးသပ်ချက်

၂၀၂၀ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ TBC ၏ ဘဏ္ဍာရေးအခြေအနေ အနှစ်ချုပ်ကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်။

| ဘဏ္ဍာငွေစရင်း ဖော်ပြချက် အကျဉ်းချုပ် ဇွန် ၂၀၂၀ ခုနှစ် | | | | |
|---|---|---|---|---|
| ခေါင်းစဉ် ထိုင်းဘတ်ဖြင့် (သန်းပေါင်း) | ၂၀၂၀ ဘတ်ဂျက် | အမှန်တကယ် ၂၀၂၀ ဇွန်လ | ခန့်မှန်း ဒီဇင်ဘာ ၂၀၂၀ | ဘတ်ဂျက်နှင့် ကွာခြားမှု |
| ဝင်ငွေ | ၄၇၉ | ၄၈၈ | ၅၇၅ | ၉၆ |
| အသုံးစရိတ် | ၅၁၈ | ၃၁၉ | ၅၈၉ | ၇၁ |
| **ရန်ပုံငွေမှ စုစုပေါင်း အပြောင်းအလဲ** | **-၃၉** | **၁၆၉** | **-၁၄** | |
| စာရင်းဖွင့် ရန်ပုံငွေ လက်ကျန် | ၁၇၄ | ၁၇၄ | ၁၇၄ | |
| **စာရင်းပိတ် ရန်ပုံငွေ လက်ကျန်** | **၁၃၅** | **၃၄၃** | **၁၆၀** | ၂၅ |
| | | | | |
| **စာရင်းရှင်းတမ်း (Balance sheet)** | | | | |
| စုစုပေါင်း မရွှေ့ပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်မှု (Fixed assets) | ၃ | ၁ | ၁ | |
| အလှူရှင်များထံမှရငွေ | ၆၀ | ၂၂၈ | ၆၀ | |
| ပစ္စည်းပေးသွင်းသူများသို့ (ပေးရန်ရှိငွေ) | -၅၀ | -၁၂ | -၂၈ | |
| ဘဏ်စာရင်း ရှင်းတမ်း | ၁၂၂ | ၁၂၆ | ၁၆၀ | |
| **စုစုပေါင်း ပိုင်ဆိုင်မှု** | **၁၃၅** | **၃၄၃** | **၁၆၀** | ၂၅ |
| | | | | |
| ကန့်သတ်ထားသော ရန်ပုံငွေများ | ၅၀ | ၂၄၇ | ၇၇ | ၂၇ |
| သီးခြား ခွဲခြားထားသောရန်ပုံငွေများ (Designated funds) | ၆၀ | ၅၉ | ၅၉ | (၁) |
| အထွေထွေ ရန်ပုံငွေ (စုစုပေါင်း မရွှေ့ပြောင်းနိုင်သော ပစ္စည်း ပိုင်ဆိုင်မှု Fixed assets) | ၁ | ၁ | ၁ | - |
| အထွေထွေ ရန်ပုံငွေ (လွတ်လပ်စွာရယူနိုင်သော သီးသန့် ချန်ထားငွေ) Available reserves | ၂၄ | ၃၆ | ၂၂ | (၂) |
| **စုစုပေါင်း ရန်ပုံငွေလက်ကျန်** | **၁၃၅** | **၃၄၃** | **၁၆၀** | ၂၅ |
| **ငွေဖော်နိုင်မှု (Liquidity)** | **၇၂** | **၁၁၄** | **၉၉** | |

*ပုံ-၁ ဘဏ္ဍာရေး အနှစ်ချုပ်*


**ဝင်ငွေ**

TBC အဖွဲ့က ယခုနှစ်အတွက် ဝင်ငွေခန့်မှန်းချက် ထိုင်းဘတ် ၄၇၉ သန်းဖြင့် စတင်ခဲ့ကြပြီး၊ နှစ်ကုန်တွင် ထိုင်းဘတ် ၅၇၅ သန်းဖြင့် (၂၀% ပိုများ) ဖြင့် အဆုံးသတ်မည် ဖြစ်သည်။ ဝင်ငွေမြင့်မားလာရသည့် ပင်မအကြောင်း ၂-ခု ရှိပါသည်။ ပထမအချက်မှာ အကြီးမားဆုံး အမေရိကန်ဒေါ်လာ ဂရန့်ဖြစ်သည့် USBPRM သည် မူလကဘတ်ဂျက် သတ်မှတ်ထားသည်ထက် ပို၍မြင့်မားသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် စုဆောင်းနိုင်ခဲ့ပါသည်။ ဒုတိယအချက်မှာ COVID ကူးစက်ကပ်ဘေး တုံ့ပြန်ရေးအတွက် အပိုဆောင်းရန်ပုံငွေများ (ခန့်မှန်း ထိုင်းဘတ် သန်း ၆၀ ခန့်) ထပ်၍ ရရှိခဲ့ပါသည်။ ဇွန်လမှစတင်၍ ၈၅% (ထိုင်းဘတ် ၄၈၈ သန်း) ကို ရရှိပြီး ဖြစ်ပါသည်။

အစိုးရများထံမှ ကူညီထောက်ပံ့ငွေသည် စုစုပေါင်း ဝင်ငွေ၏ ၉၈% ရရှိနေဆဲ ဖြစ်ပြီး၊ အမေရိကန်ပြည်ထောင်စုထံမှ BPRM မှတဆင့် အကြီးမားဆုံးသော အလှူရှင်အဖြစ် ၆၅% ပါဝင်နေသည်။ BPRM က အဓိကအားဖြင့် စခန်းများအတွက် စားနပ်ရိက္ခာနှင့် မီးသွေးလိုအပ်ချက်များအတွက် အများစုသောငွေသားကို ထောက်ပံ့ပေးခဲ့ပါသည်။

ယူကေနိုင်ငံ အစိုးရက (FCDO)[4] မှတဆင့် စုစုပေါင်းဝင်ငွေ၏ ၁၄% ကို ထောက်ပံ့ပေးပြီး၊ TBC အစီအစဉ်များအတွက် အကျယ်အပြန့် လွှမ်းခြုံထောက်ပံ့ပါသည်။ အခြားသော အစိုးရ အကူအညီများကို ဩစတြေးလျ (ANCP/DFAT)၊ ကနေဒါ (GAC)၊ ဒိန်းမတ် (DANIDA)၊ LIFT (UNOPS) နှင့် တိုင်ဝမ်သမ္မတနိုင်ငံတို့မှ ရရှိခဲ့ပါသည်။

အစိုးရမဟုတ်သည့် အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေများကို Caritas Australia, Christian Aid, Church World Service နှင့် Global Ministries, ICCO, နှင့် *kerk en actie* အဖွဲ့အစည်းများထံမှ ရရှိပါသည်။ ဤသို့ပေါင်းစည်း ရန်ပုံငွေများသည် TBC ဝင်ငွေစုစုပေါင်း၏ ၂% ရှိပါသည်။




*ပုံ-၂။ ရန်ပုံငွေရင်းမြစ် ခန့်မှန်းထားမှုများ*

**အသုံးစရိတ်**

ဇန်နဝါရီလမှ ဇွန်လအထိ အစီအစဉ် အသုံးစရိတ်များမှာ ထိုင်းဘတ် ၃၁၉ သန်း (ဘတ်ဂျက်၏ ၅၅%) ရှိပြီး၊ နှစ်ကုန်အထိ ခန့်မှန်းချက်မှာ ထိုင်းဘတ် ၅၈၀ သန်း၊ သို့မဟုတ် မူလဘတ်ဂျက်ထက် ၆၁ သန်း (၁၄%) ပိုမည်ဟု ခန့်မှန်းပါသည်။ သို့သော်လည်း TBC အမေရိကန်ဒေါ်လာမှ ထိုင်းဘတ်ငွေသို့ ငွေလဲလှယ်ရာ ငွေလဲနှုန်းကြောင့် ဆုံးရှုံးနိုင်မည်ကို ပြင်ဆင်ထားပါသည်။ ဤသို့ ဆုံးရှုံးနိုင်မှုမှာ ထိုင်းဘတ် ၁၀ သန်းမျှ ရှိနိုင်ပါသည်။ စုစုပေါင်း အသုံးစရိတ် ထိုင်းဘတ် ၅၈၉ သန်း ရှိပါလိမ့်မည်။ COVID-19 ကူးစက်ဘေးကြောင့် ခရီးသွားလာမှုများ ကန့်သတ်ထားရာ TBC အဖွဲ့အနေဖြင့် ခရီးစရိတ်များနှင့် အစည်းအဝေး ဘတ်ဂျက်ခေါင်းစဉ်မှ အနည်းငယ်စုဆောင်းမိပါလိမ့်မည်။ နှိုင်းယှဉ်ချက်အရ ၂၀၁၉ ခုနှစ်တွင် စုစုပေါင်း

[4] ၂၀၂၀ ခုနှစ် ဇွန်လတွင်၊ ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန Department for International Development (DFID) ကို နိုင်ငံခြားရေးနှင့် ဓနသဟာယရုံး Foreign and Commonwealth Office နှင့် ပူးပေါင်းလိုက်ပြီး၊ နိုင်ငံခြားရေး၊ ဓနသဟာယနှင့် ဖွံ့ဖြိုးရေးရုံး Foreign, Commonwealth and Development Office ဖြစ်လာသည်။

အသုံးစရိတ် ထိုင်းဘတ် ၅၁၉ သန်းရှိပြီး၊ ယင်းတွင် ငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးရမှု ထိုင်းဘတ် ၁၇ သန်း အပါအဝင်ဖြစ်ပါသည်။

အဓိက သုံးသပ်ချက်များ

- COVID-19 ကူးစက်ကပ်ဘေးကြောင့်၊ TBC က စခန်းများတွင် စားနပ်ရိက္ခာများ၊ လများစွာအတွက် သိုလှောင်ထားနိုင်ရန် ပြန်၍ဆောင်ရွက်ရပါသည်။ ချက်ချင်း ပိတ်ဆို့မှုများ ချမှတ်ပါက ဈေးသည်များအနေဖြင့် ရောင်းချနိုင်ရန် လုံလောက်သည့် အရင်းအမြစ်များ သေချာရှိနေစေရန် ဖြစ်သည်။ သို့ဖြစ်ရာ ကနဦးတွင် ငွေသားစီးဆင်းမှု ပြဿနာကြုံတွေ့ရသော်လည်း၊ BPRM ကြိုတင်သုံးရန်ပုံငွေများ လုံလောက်သောကြောင့် ကုန်ကျစရိတ်များကို ကာမိစေခဲ့ပါသည်။ သို့အတွက်ကြောင့် TBC ၏ အရန် ရန်ပုံငွေများအတွက် သက်ရောက်မှုကို ကာကွယ်နိုင်ခဲ့သည်။
- ရတ်ချည်း ငွေကြေးဖောင်းပွမှု နှင့် မရှိမဖြစ်လိုအပ်သည့် ထောက်ပံ့ပစ္စည်းများအပေါ်တွင် ဈေးနှုန်းများတင်နိုင်သောကြောင့် COVID-19 အရေးပေါ် အခြေအနေအတွက် အလျှင်အမြန် တုံ့ပြန်ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ဈေးနှုန်းများ အစောပိုင်းတွင် တက်သော်လည်း၊ မျှော်လင့်ထားသကဲ့သို့ အကြီးအကျယ် မြင့်တက်ခြင်း မဟုတ်ပါ။
- ထိုင်းနိုင်ငံကို ပိတ်ဆို့မှု (လော့ခ်ဒေါင်း) မချမှတ်မီ တပတ်အလိုတွင်၊ TBC အဖွဲ့က ခန့်မှန်းတွက်ချက် စွန့်စား၍ သေချာသည့် ရန်ပုံငွေ မရှိသော်လည်း ဒုက္ခသည်များအတွက် အထူးတန်ဖိုးရှိသော စားနပ်ရိက္ခာများ အနည်းဆုံး ၃-လစာ သေချာရရှိနိုင်ရန် ဆောင်ရွက်ခဲ့သည်။ TBC က နောက်ဆုံး ဇူလိုင်လကုန်အထိ အိမ်ထောင်စုအားလုံးကို အထူးထိခိုက်နစ်နာဖွယ်ရှိသည့် သူများ၏ ရာရှင်ခွဲတမ်းအတိုင်း၊ လုံလောက်စွာ ထောက်ပံ့ပေးနိုင်ခဲ့သည်။
- မြန်မာနိုင်ငံ အစီအစဉ်က TBC အဖွဲ့ ဘတ်ဂျက်တခုလုံး စုစုပေါင်း၏ ၁၁% ရှိနေပြီး၊ ယင်းတို့ကို ပင်မအလှူရှင် ၂ ဦးဖြစ်သည့် UNOPS-LIFT နှင့် FCDO-HARP တို့က ထောက်ပံ့ပေးနေသည်။ အလှူရှင်နှစ်ဦးစလုံးက မူလထောက်ပံ့မှုကို တိုးမြှင့်ပေးခဲ့ပြီး၊ ပထမနှစ်ဝက်တွင် စုစုပေါင်း ထိုင်းဘတ် ၁၂ သန်း ရှိနေသည်။ Christian Aid က ဆက်လက်၍ ပံ့ပိုးပေးနေပြီး၊ GAP/ANCP က Act for Peace မှတဆင့် ယင်း၏နောက်ဆုံးနှစ်အတွက် ထောက်ပံ့ပေးခဲ့သည်။

အသစ်သော မဟာဗျူဟာ ရည်မှန်းချက်များအတွက် အသုံးစရိတ်များ

| မဟာဗျူဟာ ရည်ရွယ်ချက်များ | ၂၀၂၀ ဘတ်ဂျက် မူလ | ၂၀၂၀ ဘတ်ဂျက် အသစ် | ၂၀၂၁ ဘတ်ဂျက် ခန့်မှန်း |
|---|---|---|---|
| ၁။ လူသားချင်းစာနာမှု အကူအညီ လိုအပ်ချက်များ<br>COVID-19 နှင့် သက်ဆိုင်သည့် အသုံးစရိတ်များ | ၃၈၃,၆၅၈,၆၆၄ | ၃၈၂,၂၅၄,၆၆၄<br>၆၁,၁၀၈,၆၁၇ | ၃၈၆,၉၄၉,၃၇၄ |
| ၂။ စားနပ်ရိက္ခာ လုံခြုံရေးနှင့် အာဟာရ ရရှိရေး | ၇,၈၈၅,၈၄၇ | ၇,၈၈၅,၈၄၇ | ၇,၈၈၅,၈၄၇ |
| ၃။ ကာကွယ်ပေးမှုရှိသော ဝန်းကျင်နှင့် လုံခြုံ အန္တရာယ်ကင်းသော အနာဂတ်များ | ၂၇,၇၁၁,၉၈၄ | ၂၇,၇၁၁,၉၈၄ | ၂၇,၇၁၁,၉၈၄ |
| ၄။ တာဝန်ယူ တာဝန်ခံမှု၊ မိတ်ဖက်ပြုမှု<br>အဖွဲ့အစည်းဆိုင်ရာ စရိတ်များ<br>အုပ်ချုပ်မှုစနစ်<br>ရန်ပုံငွေရှာဖွေရေး ကုန်ကျစရိတ်များ<br>ငွေလဲလှယ်မှုကြောင့် ဆုံးရှုံးမှု | ၉,၈၂၉,၅၀၂<br>၈၅,၆၂၄,၉၂၃<br>၂,၂၅၀,၀၀၀<br>၉၅၀,၀၀၀<br>၁,၀၀၀,၀၀၀ | ၉,၈၂၉,၅၀၂<br>၈၅,၆၂၄,၉၂၃<br>၂,၂၅၀,၀၀၀<br>၉၅၀,၀၀၀<br>၁,၀၀၀,၀၀၀ | ၉,၈၂၉,၅၀၂<br>၈၅,၆၂၄,၉၂၃<br>၂,၂၅၀,၀၀၀<br>၉၅၀,၀၀၀<br>၁,၀၀၀,၀၀၀ |
| **စုစုပေါင်း** | **၅၁၈,၉၁၀,၉၂၀** | **၅၈၉,၀၁၉,၅၃၇** | **၅၂၂,၂၀၁,၆၃၀** |

*ပုံ-၃။ မဟာဗျူဟာမြောက် ရည်ရွယ်ချက် အသုံးစရိတ်များ*

လူသားချင်းစာနာမှု ဆိုင်ရာ လိုအပ်ချက်များသည် TBC ၏ အကြီးမားဆုံးသော ရည်ရွယ်ချက်ဖြစ်ပြီး၊ အသုံးစရိတ်နှင့် အစီအစဉ်များ ပါဝင်သည်။ ယင်းတို့တွင် စားနပ်ရိက္ခာအတွက် ငွေသားထောက်ပံ့ပေးမှုများ၊ မီးထိုးဆီများ၊ ထိုင်းနိုင်ငံအတွက် အမိုးအကာ ပစ္စည်းများနှင့် အရေးပေါ် အကူအညီများ ပါဝင်သည်။ စုစုပေါင်း အစီအစဉ် အသုံးစရိတ်များမှာ ထိုင်းဘတ် ၅၇၉ သန် ရှိမည်ဟု ခန့်မှန်းထားသည်။ ယခုနှစ်တွင် အမေရိကန်ဒေါ်လာငွေ ဈေးမြင့်လာသောကြောင့် ငွေလဲလှယ်မှုမှ ထိုင်းဘတ် ၁၀ သန်း ဆုံးရှုံးမည်ဟု ခန့်မှန်းသည်။ မူလ ၂၀၂၀ ခုနှစ် ဘတ်ဂျက်မှာ ဒုက္ခသည်လူဦးရေ လျော့နည်းကျဆင်းမည်ဟု ခန့်မှန်းထားပြီး၊ လူ ၈၁,၀၀၀ မှ ၇၆,၀၀၀ ရှိမည်။ သို့သော် COVID-19 ကူးစက်ကပ်ဘေးကြောင့် လူဦးရေမှာ တည်ငြိမ်နေသည်။ ၈၁,၀၀၀ ဦး ရှိနေသည်။

**ဘဏ္ဍာရေး အလားအလာ ၂၀၂၁ ခုနှစ်**

TBC သည် ၂၀၂၁ ခုနှစ်အတွက် လုပ်ငန်းလည်ပတ်မှု ဘတ်ဂျက်ကို အစီအစဉ်ရေးဆွဲရာ၌ အောက်ပါ ထည့်သွင်းစဉ်းစားချက်များ ရှိပါသည်။

၁။ လူဦးရေ ပြောင်းလဲမှုသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအကြားတွင် ၈၁,၀၀၀ မှ ၇၆,၀၀၀ ဦး (၇%) ရှိပါမည်။ (၂၀၂၀ ခုနှစ် အစပျိုးကာလအတိုင်း ရှိသည်) အလားတူ ပမာဏအတွက် ၂၀၂၀ ခုနှစ် အစအတွက် ဘတ်ဂျက်တွက်ချက်ထားမှုမှာ ထိုင်းဘတ် ၅၁၉ သန်း ရှိပါသည်။

၂။ စားနပ်ရိက္ခာကဒ် တန်ဖိုး နှင့် မီးသွေးဈေးနှုန်းများတွင် ၄-၆% ငွေကြေးဖောင်းပွမှု ရှိမည်ဖြစ်ပြီး၊ အများဆုံး အသုံးစရိတ်အဖြစ် ဆက်လက်ရှိနေမည်။

၃။ TBC က GAC မှလွဲ၍ ကျန်သော အလှူရှင်များ အားလုံး၏ ရန်ပုံငွေအခြေအနေကို အလားတူပင် ရရှိမည်ဟု ခန့်မှန်းထားသည်။

၄။ TBC ၏ ပင်မနိုင်ငံခြားငွေကြေးများမှာ လက်ရှိတွင် ကြိုတင်ခန့်မှန်း၍ မရနိုင်ဘဲရှိပြီး၊ နိုင်ငံခြားငွေလဲလှယ်မှုကြောင့် မဆုံးရှုံးရလေအောင် သတိထား၍ စီမံခန့်ခွဲသွားမည် ဖြစ်သည်။

၅။ အသုံးစရိတ်များကို ခန့်မှန်း ထိုင်းဘတ် ၅၂၂ သန်း သို့မဟုတ် ၂၀၂၀ ခုနှစ်ထက် ၁၂% လျော့နည်းမည်ဟု ခန့်မှန်းသည်။ (ပုံ ၃ ကြည့်ပါ)

ဝင်ငွေသည် ထိုင်းဘတ် ၄၈၃ သန်းသို့ ရောက်ရှိမည်။ ၂၀၂၀ ခုနှစ်ထက် ၁၆% နည်းမည်။ (ပုံကြည့်ပါ)

လက်ရှိ ဘတ်ဂျက်ခန့်မှန်းမှုများတွင် ထိုင်းဘတ် ၂၀ သန်း လျော့နည်း ရရှိမည်ဟု ဖော်ပြထားသည်။ (အမေရိကန်ဒေါ်လာ ၆၅၀,၀၀၀)

| ၂၀၂၀ ခုနှစ် ဝင်ငွေ (ထိုင်းဘတ် ၀၀၀) | | | | | |
|---|---|---|---|---|---|
| ရန်ပုံငွေ ရင်းမြစ် | ငွေကြေး | ၂၀၂၀ ခန့်မှန်း | | ၂၀၂၁ ခန့်မှန်း | |
| | | နိုင်ငံခြားငွေ | ထိုင်းဘတ် ၀၀၀ | နိုင်ငံခြားငွေ | ထိုင်းဘတ် ၀၀၀ |
| **အစိုးရ ကျောထောက်နောက်ခံ ရန်ပုံငွေများ** | | | | | |
| **ဩစတြေလျ - ANCP/ DFAT** | AUD | ၁,၈၂၉,၀၀၀ | ၃၈,၇၇၅ | ၁,၆၅၀,၀၀၀ | ၃၄,၈၀၀ |
| ဩစတြေလျ - ANCP (Act for Peace) | AUD | ၂၂၉,၀၀၀ | ၄,၈၅၅ | ၁၅၀,၀၀၀ | ၃,၀၀၀ |
| ဩစတြေလျ - DFAT Thailand (IRC) | AUD | ၁,၆၀၀,၀၀၀ | ၃၃,၉၂၀ | ၁,၅၀၀,၀၀၀ | ၃၁,၈၀၀ |
| ကနေဒါ- GAC Inter-Pares | CAD | ၂၀၀,၀၀၀ | ၄,၅၆၁ | | |
| တရုတ်သမ္မတနိုင်ငံ (တိုင်ဝမ်) | USD | ၈၀,၀၀၀ | ၂,၄၄၆ | ၈၀,၀၀၀ | ၂,၄၄၆ |
| ဒိန်းမတ် - DANIDA | DKK | ၁,၁၈၀,၁၅၀ | ၅,၄၄၁ | ၁,၁၈၀,၁၅၀ | ၅,၄၄၁ |
| ယူကေ - FCDO (HARP- Thailand) | GBP | ၁,၅၀၀,၀၀၀ | ၅၉,၂၀၁ | ၁,၅၀၀,၀၀၀ | ၆၀,၀၀၀ |
| ယူအက်စ်အေ- BPRM- IRC | USD | ၁၀,၅၀၀,၀၀၀ | ၃၄၁,၄၆၀ | ၁၀,၅၀၀,၀၀၀ | ၃၁၅,၀၀၀ |
| UNOPS- LIFT Fund (မြန်မာ) | USD | ၁,၃၈၃,၉၇၄ | ၄၁,၄၈၇ | ၁,၄၉၉,၈၁၃ | ၄၅,၈၆၄ |
| ယူကေ FCDO (HARP- မြန်မာ) | GBP | ၂၅၀,၀၀၀ | ၉,၆၄၅ | ၃၃၃,၃၃၃ | ၁၀,၃၃၃ |
| **COVID ရန်ပုံငွေ** | | | ၅၈,၉၀၈ | | |
| ဒိန်းမတ် DANIDA- COVID | DKK | ၈၀၀,၀၀၀ | ၁၇၂ | | |
| ယူကေ FCDO (HARP) COVID | GBP | ၄၀၀,၀၀၀ | ၁၅,၇၈၇ | | |

| | | | | | |
|---|---|---|---|---|---|
| ယူအက်စ်အေ- PRM - COVID | USD | ၁,၂၅၆,၁၆၅ | ၄၀,၈၅၀ | | |
| UNOPS- LIFT (မြန်မာ) COVID | USD | ၇၀,၀၀၀ | ၂,၀၉၈ | | |
| **စုစုပေါင်း အစိုးရများ ကျောထောက်နောက်ခံ ရန်ပုံငွေ** | | | **၅၆၁,၉၂၅** | | **၄၇၃,၈၈၅** |
| **အခြား** | | | | | |
| Caritas Australia | AUD | ၁၆၅,၀၀၀ | ၃,၄၉၈ | ၁၆၅,၀၀၀ | ၃,၄၉၈ |
| Christian Aid | GBP | ၃၅,၀၀၀ | ၁,၄၂၁ | ၃၅,၀၀၀ | ၁,၄၂၁ |
| Church World Service | USD | ၁၁၀,၀၀၀ | ၃,၈၄၉ | ၅၀,၀၀၀ | ၁,၅၆၈ |
| Global Ministry | USD | ၅,၀၀၀ | ၁၅၂ | | |
| ICCO | EUR | ၅၀,၀၀၀ | ၁,၇၅၀ | ၅၀,၀၀၀ | ၁,၆၆၆ |
| Kerk in actie- COVID | EUR | ၆၀,၀၀၀ | ၂,၀၇၅ | | |
| **အခြား- စုစုပေါင်း** | | | **၁၂,၇၄၅** | | **၉,၃၅၃** |
| **စုစုပေါင်း ဝင်ငွေ** | | | **၅၇၄,၆၇၀** | | **၄၈၃,၂၃၈** |
| | | | | | |
| **အသုံးစရိတ်များ** | | | | | |
| အသုံးစရိတ်များ | | | ၅၈၉,၀၁၇ | | ၅၂၂,၅၄၈ |
| **လက်ရှိနှစ်တွင် စုစုပေါင်း ရွှေ့ပြောင်းမှု** | | | **-၁၄,၃၄၇** | | **-၃၉,၃၁၀** |
| ရှေ့သို့ ဆက်လက်သယ်ဆောင်လာသည့် ရန်ပုံငွေ | | | ၁၇၄,၄၀၉ | | ၁၆၀,၀၆၂ |
| **ရှေ့သို့ ဆက်လက်သယ်ဆောင်လာသည့် ရန်ပုံငွေ စုစုပေါင်း** | | | **၁၆၀,၀၆၂** | | **၁၂၀,၇၅၂** |
| ကန့်သတ်မှု နည်းသော ရန်ပုံငွေ | | | ၇၉,၂၄၇ | | ၅၆,၉၀၂ |
| သီးခြား သတ်မှတ်ထားသည့် ရန်ပုံငွေ | | | ၅၈,၂၉၂ | | ၅၉,၃၈၉ |
| စုစုပေါင်း မရွှေ့ပြောင်းနိုင်သည့်ပစ္စည်း ပိုင်ဆိုင်မှု | | | ၁,၅၀၀ | | ၁,၅၀၀ |
| | | | | | |
| **လွတ်လပ်စွာသုံးစွဲနိုင်သော အထွေထွေ ရန်ပုံငွေ** | | | **၂၁,၀၂၃** | | **၂,၉၆၁** |

*ပုံ ၄- ရန်ပုံငွေ အကျဉ်းချုပ်*

## အနာဂတ် အလားအလာ

COVID-19 ကူးစက်ကပ်ဘေးသည် ဒုက္ခသည်များအပေါ် လာမည့်အနာဂတ်ကာလများတိုင် ဆက်လက်သက်ရောက်မှု ဖြစ်စေပါမည်။ အဓိကအားဖြင့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတွင် ခရီးသွားလာမှုနှင့် ကန့်သတ်မှုများ ဆက်လက်၍ ရှိနေနိုင်ခြင်းကြောင့် ဖြစ်သည်။ သို့တိုင်အောင် COVID-19 ကူးစက်မှုသည် စခန်းများအတွင်းသို့ မရောက်ရှိသေးပါ။ သို့သော်လည်း အန္တရာယ်ခြိမ်းခြောက်မှုမှာ အမှန်တကယ် ရှိနေပြီး၊ လူများ နေ့တစ်ဝ လှုပ်ရှားလုပ်ကိုင်နေကြပြီး၊ ကျောင်းများလည်း ဆက်၍ ဖွင့်ထားသောကြောင့် ကြိုတင်ကာကွယ်မှုများလည်း ဆက်၍ ရှိနေရမည် ဖြစ်ပါသည်။

နိုင်ငံရေးနှင့် စီးပွားရေးအရ မရေရာ မသေချာမှုများ ရှိနေသောကြောင့်၊ TBC အဖွဲ့နှင့် မိတ်ဖက်အဖွဲ့များ၏ လုပ်ငန်းများ ယခင်ကထက် ပို၍ အရေးကြီးလာပါသည်။ COVID-19 ကူးစက်ကပ်ဘေး ခြိမ်းခြောက်မှု လျော့နည်းသွားလျှင် သို့မဟုတ် ဒုတိယလှိုင်းအဖြစ် ကူးစက်မှု ဖြစ်ပွားလာခဲ့လျှင် TBC နှင့် မိတ်ဖက်အဖွဲ့အစည်းများက ရင်ဆိုင်နိုင်ရန် အဆင်သင့်ဖြစ်ထား ရပါမည်။ အရင်းအမြစ်များကို အကောင်းဆုံး တိုးတက်၍ သေချာသုံးစွဲနိုင်ပြီး၊ မိမိတို့ လုပ်ငန်းအတူတကွ ဆောင်ရွက်နေကြသော ရပ်ရွာလူထုများအတွက် လိုအပ်ချက်များ ပြည့်မီစေရန် သေချာ အသုံးချရမည် ဖြစ်ပါသည်။

COVID-19 ကူးစက်ကပ်ဘေးကြောင့် တိုး၍ကုန်ကျမှု စရိတ်များအတွက် TBC အဖွဲ့က ရေတိုရန်ပုံငွေများ လုံခြုံစွာစုဆောင်း ရရှိထားပြီး ဖြစ်သည်။ အချိန်နှင့်တပြေးညီ ကူညီပေးကြသည့် မိမိတို့၏ အလှူရှင်များကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ COVID-19 ကူးစက်ကပ်ဘေးကြောင့် သိသာထင်ရှားသည့် လုပ်ငန်းရတ်ချည်း ပြောင်းလဲရမှုများ ဖြစ်ခဲ့ရသော်လည်း၊ ယခုနှစ်ကုန်သည့်အခါ မိမိတို့၏ လုပ်ငန်းဆောင်တာများ၊ ဖြည့်ဆည်း ဆောင်ရွက်ရန်ကိစ္စများကို လမ်းကြောင်းမှန်အတိုင်း ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ထားပါသည်။

TBC အဖွဲ့က အလှူရှင်များနှင့် အဖွဲ့ဝင်များကို သူတို့၏ စေတနာထက်သန်သည့် လှူဒါန်းမှု၊ ပံ့ပိုးကူညီမှုများအတွက် အထူးကျေးဇူးတင်ရှိပါသည်။

kerk in actie
UKaid from the British people
Australian Aid — Supported by the Australia Government, DFAT
ACT FOR PEACE — Confronting injustice together through the actalliance
Republic of China (Taiwan)
International Rescue Committee
the UNITED STATES GOVERNMENT
DAN CHURCH AID — FOLKEKIRKENS NØDHJÆLP — AYUDA DE DCA
LIFT — Livelihoods and Food Security Fund — Managed by UNOPS
CHURCH WORLD SERVICE
Global Affairs Canada / Affaires mondiales Canada
ICCO COOPERATION
christian aid week
European Commission
diakonia — PEOPLE CHANGING THE WORLD
Caritas AUSTRALIA
DANIDA
Inter Pares — globalize equality · mondialiser l'égalité
NORWEGIAN CHURCH AID